မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၃၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၇ခုနှစ် စက်တင်ဘာ ၉ရက်တွင်ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနမ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်စစ်ကော်မရှင် ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၇ခုနှစ် စက်တင်ဘာ ၉ရက်တွင်ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်စစ်ကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၇ခုနှစ် စက်တင်ဘာ ၉ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာကင်ယုံအီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်သူများ၏စာတတ်မြောက်မှုစွမ်းအားမြင့်မားခြင်းဖြင့် လူနေမှုဘဝတိုးတက်ရေး ထင်ဟပ်ဖော်ပြ အခြေခံစာတတ်မြောက်ရေးနှင့် စာပတ်ရှိန်မြှင့်တင်ရေး အစီအစဉ်တစ်ပြည်လုံး ကိုးပမ်း သက်ကြီးစာတတ်မြောက်ရေး အစဉ်တစိုက်ဆောင်ရွက်ခဲ့၍ စာတတ်မြောက်မှုနှုန်းတိုးတက်မြင့်မားလာ

နေပြည်တော် စက်တင်ဘာ ၈

၂၀၀၇ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆုရရှိကြသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း(Grade-8) ကျောင်းသူများဖြစ်ကြသည့် မချောကုံကော်ခိုင်နှင့် မထက်ဝင်းနန္ဒီတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိန့်ခွန်း ပြောကြား

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၇ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၉ ရက်)

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ ပိုမိုမြင့်မားရေး လျှပ်စစ်မီးလင်းရေး အစီအစဉ်များ တိုးချဲ့ဖော်ဆောင်

နိုင်ငံတော်က ကျေးလက်ပြည်သူများ၏ လူမှုဘဝအဆင့်မြင့်မားစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသပြည်သူများ လူမှုဘဝအဆင့်မြင့်မားစေရေးအတွက် အခြေခံလိုအပ်ချက်မှာ သောက်သုံးရေ ရရှိရေးနှင့် စိုက်ပျိုးရေ ရရှိရေးပင်ဖြစ်သည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က ရေလှောင်တမံများ၊ မြစ်ရေတင် စီမံကိန်းများ တိုးချဲ့တည်ဆောက်ပေးလျက် ရှိသည်။

တည်ဆောက်ပြီးစီးသွားသည့် ရေလှောင်တမံအချို့၌ ကျေးလက်ဒေသနေ ပြည်သူများအား စိုက်ပျိုးရေပေးဝေနိုင်ရုံမျှမက လျှပ်စစ်မီးပါ ဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိသည်။

ယခုအခါ ဆည်မြောင်းဦးစီးဌာနက ရေလှောင်တမံများ၌ ရေကျအဆောက်အအုံများ တည်ဆောက်လျက် ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်ပေးလျက် ရှိသည်။

အဆိုပါအစီအစဉ်အရ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာအနီးရှိ ကံတင်ဘီးလင်းဆည်ရေကို အသုံးပြုလျက် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မှုကြောင့် လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

ယင်းအသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို မကြာမီကဖွင့်လှစ်ခဲ့ရာ မကျီးကွင်းကျေးရွာရှိ နေအိမ် ၉၀ကျော်အတွက် နှစ်ပေမီးချောင်း၁၀၀ကျော် လျှပ်စစ်မီးထွန်းပေးနိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ရာ အခြားသော ရေလှောင်တမံများ၌လည်း လျှပ်စစ်မီးလင်းရေးအစီအစဉ်များကို တာဝန်ရှိသူများနှင့် ကျေးလက်ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်လက်ဖော်ဆောင်နိုင်သည်နှင့်အမျှ ကျေးလက်ပြည်သူများ၏ လူမှု စီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၉-၉-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အိမ်အပြန်လမ်း"**
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၆း၄၅ ၁၂။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၁၉)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၃၂)

အီရန်နိုင်ငံ၌ကျင်းပသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေးမှ ဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ ဒိုမီနီကန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ၊ သံတမန်ဆက်သွယ်ထူထောင်ရေးဆွေးနွေးခဲ့

နေပြည်တော် စက်တင်ဘာ ၈

အီရန်နိုင်ငံ တီဟီရန်မြို့၌ စက်တင်ဘာ ၃ရက်နှင့် ၄ရက်တို့တွင် ကျင်းပခဲ့သော လူ့အခွင့်အရေးနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားခြင်းဆိုင်ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ပြန်လည်လိုက်ပါ

ဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းတို့ ပြန်လည်လိုက်ပါလာကြသည်။

မိန့်ခွန်းပြောကြား

စက်တင်ဘာ ၃ရက်တွင် အီရန်နိုင်ငံတကာကွန်ဖရင့်စင်တာ၌ ကျင်းပသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် လူ့အခွင့်အရေးနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားခြင်းဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ Mahmoud Ahmadinejad တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။ ယင်းအစည်းအဝေးသို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များအပြင် အထူးလေ့လာသူ ကိုယ်စားလှယ်အဖွဲ့ ၁၃ ဖွဲ့၊ ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထည့်သွင်းဆွေးနွေး

ဝန်ကြီးဦးဉာဏ်ဝင်းသည် အစည်းအဝေး၌ ယဉ်ကျေးမှု ကွဲပြားခြားနားခြင်း အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက လေးစားမှုပြုရေး၊ နိုင်ငံတကာလူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသောကဏ္ဍမှ ပါဝင်နေမှု၊ ယဉ်ကျေးမှု ကွဲပြားခြားနားမှု အပေါ် အပြန်အလှန် နားလည်မှုရှိရန် ဆောင်ရွက်ရာတွင် မီဒီယာသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေမှု၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ အခန်းကဏ္ဍ၊ ဗုဒ္ဓဘာသာအပါအဝင် ဘာသာရေး အဆောက်အအုံများ၊ ရုပ်တုတော်များ စသည်တို့၏ ဓာတ်ပုံ၊ ပန်းချီတို့ကို စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုမှုမရှိစေရေး စသည့်အချက်များကို ထည့်သွင်း ဆွေးနွေး ပြောကြားခဲ့သည်။

အတည်ပြုချမှတ်

အစည်းအဝေးအပြီးတွင် အစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့ခေါင်းဆောင်များ၏ ဆွေးနွေးချက်များအပေါ် အခြေခံပြီး Declaration and Programme on Human Rights and Cultural Diversity ကို အတည်ပြုချမှတ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကျင်းပသည့် လူ့အခွင့်အရေးနှင့်ယဉ်ကျေးမှု ကွဲပြားခြားနားခြင်းဆိုင်ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (နိုင်ငံခြားရေး)

ဝန်ကြီး ဦးဉာဏ်ဝင်းသည် စက်တင်ဘာ ၄ရက်တွင် ဒိုမီနီကန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာကားလို့စ်မိုနာထရွန်ကိုဆိုနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှုထူထောင်ရေးနှင့် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

မရမ်းကုန်းကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရေးငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ အမှတ်(၂) တိုက် B2 အခန်း B3နေ နှစ်ဖက်သော မိဘများကို ရည်စူး၍ ဦးအောင်ရွှေ-ဒေါ်ခင်မြင့်မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအုန်းကြိုင်၊ ဦးသိန်းထွန်းတို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ချောက်မြို့ သာသနာ့ဗိမာန် ရွှေမြန်မာဆရာတော်တရားပွဲ

ရန်ကုန် စက်တင်ဘာ ၈

ရွှေမြန်မာဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇာသိဒ္ဓိ(ကမ္မဋ္ဌာနာစရိယ မဟာစည် နယ်လှည့် သာသနာပြု ဓမ္မကထိက) အရှင်သူမြတ်သည် စက်တင်ဘာ ၁၁ရက်နှင့် ၁၉ ရက်တွင် ရွှေတိဂုံ အနောက်မုခ် ပြွန်တန်ဆာဇရပ် မိုးညှင်းစံကျောင်း ဓမ္မာရုံ၌လည်းကောင်း၊ စက်တင်ဘာ ၂၀ရက်မှ ၂၄ရက်အထိ မကွေးတိုင်း ချောက်မြို့ သာသနာ့ဗိမာန်၌ လည်းကောင်း၊ အောက်တိုဘာ ၄၊ ၁၁၊ ၁၉နှင့် ၂၆ရက်များတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၁)ရပ်ကွက် ရွှေညောင်ပင် ဓမ္မာရုံ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာအလုပ်ပေး တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ နေပြည်တော်အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "တို့အင်တို့အား"သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက မိန့်ခွန်း ပြောကြားရာ၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် စက်တင်ဘာ ၈ရက်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် ၁၉၆၇ခုနှစ်တွင် စတင်သတ်မှတ်ပေးခဲ့ ချိန်ကစပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားများကိုနှစ်စဉ်မပျက်ကျင်းပလာခဲ့ခြင်းသည် ယခုဆိုလျှင် အလွန်ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ် အဖြစ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အစဉ်တစိုက်အားထုတ်ဆောင်ရွက်

ဤသို့ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများ နှစ်စဉ်မပျက်ကျင်းပနေခြင်းသည် ကမ္ဘာ့နိုင်ငံ အသီးသီး၏ စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုများတွင် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ ပီသစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရာရောက်သကဲ့သို့ မိမိနိုင်ငံ အစီအစဉ်ဖြင့် အစဉ်တစိုက် အားထုတ်ဆောင်ရွက်ခဲ့သည့် ပြည်သူများ၏ စာတတ်မြောက်ရေး လုပ်ငန်းများကိုလည်း နိုင်ငံတကာ စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် ယှဉ်တွဲဆက်စပ် ပူးပေါင်းမိစေခြင်းအားဖြင့် ပိုမိုနက်ရှိုင်း လေးနက်စေမည်မှာ အမှန်ပင်ဖြစ်ကြောင်း။

အမှန်တကယ်အားဖြင့် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူအများစု စာတတ်မြောက်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ် ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သကဲ့သို့ မိမိနိုင်ငံ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြံဆောင်ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း တန်ဖိုးမဖြတ်နိုင်သော စွမ်းရည်တစ်ရပ်ပင် ဖြစ်ကြောင်း။

ထင်ဟပ်ဖော်ပြနေ

ထို့အပြင် ပြည်သူများ၏ စာတတ်မြောက်မှုစွမ်းအား မြင့်မားမှုသည် မိမိနိုင်ငံသူ နိုင်ငံသားများ၏ လူနေမှုဘဝ အဆင့်အတန်း၊ စီးပွားရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှုကို ထင်ဟပ်ဖော်ပြနေသည့် ဂုဏ်ရည်တစ်ရပ်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

ဤသဘောထားခံယူချက်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ်ထားရှိပြီး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ ကိုယ်ပိုင်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် အမျိုးသားခနအင်အားခိုင်မာတောင့်တင်းရန် လိုသကဲ့သို့ အတတ်ပညာ၊ နည်းပညာစွမ်းအားလည်း ခေတ်နှင့်လျော်ညီစွာ မြင့်မားရန် လိုကြောင်း၊ သို့ရာတွင် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၊ ပြည်ထောင်စုကြီး တစ်ရပ်လုံးကို မြှင့်တင်နိုင်ရန်ဆိုရာတွင် ထိုစွမ်းအားများအပြင် ပြည်သူတစ်ရပ်လုံး၏ အခြေခံစာတတ်မြောက်မှုက စတင်သည့် အမျိုးသားပညာရည် မြင့်မားမှု စွမ်းအားကသာလျှင် စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အခြေခံကောင်းများဖြစ်ထွန်း

ဤသဘောထားခံယူချက်နှင့်အညီ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးသို့သိမ်မွေ့ညင်သာစွာအသွင်ကူးပြောင်းနိုင်စေဖို့ဆိုရာမှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှု၊ အမျိုးသား စီးပွားရေး တောင့်တင်းခိုင်မာမှု၊ အမျိုးသား ပညာရည်မြင့်မားမှု၊ အခြေခံကောင်းတွေ ဖြစ်ထွန်းနေစေဖို့ လိုအပ်တယ်၊ အသိဉာဏ်ပညာရင့်သန်ပြီး အတွေ့အကြုံဗဟုသုတနဲ့ ပြည့်စုံတဲ့၊ အသိအမြင် ကြွယ်ဝတဲ့ နိုင်ငံတော်ဖြစ်ဖို့ Educated Nation ဖြစ်ဖို့ အဓိက လိုအပ်တယ်"**ဟု လမ်းညွှန်မိန့်ကြားထားခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံတွင် ဖြစ်ထွန်းနေရေးနှင့်အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်စုံတွင် ပေါ်ထွန်းလာစေရေးအောင်ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေး လုပ်ငန်းများကို သာမက နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကိုပါ အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဦးတည်ချမှတ်

ပညာရေးကဏ္ဍတွင် ကျောင်းသင်ပညာရေး(Formal Education)နှင့် ကျောင်းပြင်ပ ပညာရေး (Non-Formal Education)ဆိုသည့် နည်းလမ်းနှစ်သွယ်ကို ယှဉ်တွဲဆက်စပ်ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံသူ နိုင်ငံသားတိုင်း ဘဝတစ်သက်တာ သင်ယူသူ (Life-long Learner)များဖြစ်လာစေရန်နှင့် မိမိတို့ကိုယ်တိုင် စိတ်ကြိုက်ချမှတ်သင်ယူနည်းစနစ်(Informal Education) တစ်ခု ဖြစ်ထွန်းရရှိလာစေရန် နိုင်ငံတော်က ဦးတည်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းသင်ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသည့် ကလေးတိုင်းအခြေခံပညာအဆင့်လိုက် သင်ယူပြီးမြောက်ရေးအတွက် ကျောင်းအပ်နှံရေးလုပ်ငန်းများကိုလူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးလှုပ်ရှား ဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ပညာသင်နှစ်တွင် ၉၁ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ၉၈ဒသမ ၀၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

အလားတူပင် မူလတန်းပညာပြီးဆုံးအောင် သင်ယူနိုင်စေရန် အားပေးဆောင်ရွက်ရင်း မူလတန်းပြီးမြောက်သူ ကလေးငယ်များအတွက် အလယ်တန်းပညာကို လွယ်လင့်တကူ ချိတ်ဆက်သင်ယူနိုင်စေရန် မူလတန်းလွန်ကျောင်းပေါင်း ၆၂၆၁ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

အကောင်အထည်ဖော်

ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင်လည်း သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ် (Literacy and Continuing Education Programme)တို့ကို တစ်နိုင်ငံလုံးဖြန့်ကြက်ဆောင်ရွက်နေသကဲ့သို့ ပုံမှန်ကျောင်းချိန်အတွင်း ကျောင်းတက်နိုင်ရန်အခက်အခဲရှိသည့်ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းပညာရေး အထူးအစီအစဉ် (Non-Formal Primary Education Programme) ကိုလည်း စီမံဆောင်ရွက် အကောင်အထည်ဖော်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင်ပြည်နယ်နှင့်တိုင်းအလိုက် ဒေသအခြေအနေနှင့် ဆီလျော်ကိုက်ညီသည့် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်အသီးသီးကို ရေးဆွဲချမှတ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းလက်တွဲပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ထူးခြားသည့် အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာခဲ့သည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ သက်ကြီးစာမတတ်သူ ၇၇၄ သန်းခန့်ရှိနေကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၈၆ခုနှစ်တွင်၈၃ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၉၄ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်ကို တွေ့ရကြောင်း။

စဉ်ဆက်ပညာရေး

အခြေခံစာတတ်မြောက်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ စာတတ်မြောက်မှုရေရှည်ဖွံ့ဖြိုးစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေး၊ ဘဝသာယာရေး၊ ကျောင်းတွင်း ပညာရေးနှင့် တန်းညှိအစီအစဉ် စသည့် စဉ်ဆက်ပညာရေးအစီအစဉ်များကို ရပ်ရွာပညာပဒေသာဌာန (Community Learning Centre)များမှတစ်ဆင့် ကျေးလက်ဒေသများတွင် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုအခါတွင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၉၂၇ ခု တည်ထောင် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချမှတ်လမ်းညွှန်ပေးထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက်ပြည်သူတစ်ဦးချင်း၏ စာတတ်မြောက်မှုနှင့် တကွ လူမှုဖွံ့ဖြိုးမှု အခြေခံကောင်းများ ရရှိလာခဲ့သည်သာမက ရပ်ရွာဒေသ၏ ပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင်ပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာလျက်ရှိနေပြီဖြစ်ကြောင်း။

မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းပပျောက်ရေး၊ မြို့ပြနှင့်ကျေးလက် ပညာရည်ညီညွတ်ညီမျှရေး၊ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီဖြစ်ထွန်းရေးစသည့် မှန်မြတ်မြင့်မားသည့် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော စာတတ်မြောက်ရေးလုပ်ငန်းများ၊ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းများ၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများသည်လည်း ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားမှုနှင့် ဒေသဖွံ့ဖြိုးမှုတို့ကိုပါ ဖော်ဆောင်ဖန်တီးပေးနိုင်နေပြီဖြစ်ကြောင်း။

စာတတ်မြောက်မှုစွမ်းအားတိုးမြှင့်

ထို့ကြောင့် ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတော်အတွင်း ပြည်သူများ၏ စာပေပညာတတ်မြောက်မှု၊ ပညာဉာဏ် ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ကျန်းမာရေး၊ လူမှုရေးအသိပညာမြင့်မားမှု၊ မိသားစုဝင်ငွေတိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာနေမှု အခြေခံကောင်းများရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အချိန်အခါကောင်းတွင် "၂၀၀၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့"၏ ဆောင်ပုဒ်ဖြစ်သည့် "ရွှင်လန်းကျန်းမာချမ်းမြေ့ဖို့ စာတတ်မြောက်ရေး ကြိုးပမ်းစို့"၊ "Literacy is Key to Good Health and Well-Being"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရရှိဖြစ်ထွန်းပြီး အခြေခံကောင်းများ ပိုမိုတိုးပွားဖြစ်ထွန်းစေရအောင် ပြည်သူများ၏ စာတတ်မြောက်မှု စွမ်းအားကို ဝိုင်းဝန်းကူညီ တိုးမြှင့် တည်ဆောက်ပေးကြပါစို့ဟု တိုက်တွန်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စာတတ်မြောက်ရေးနဲ့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါ၊
- စာတတ်မြောက်ရေးမှသည် စဉ်ဆက်ပညာရေးအစီအစဉ်များအောင်မြင် ဖြစ်ထွန်းစေရအောင် ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင်ကြွယ်ဝမှု၊ အသိဉာဏ် ဗဟုသုတ ပြည့်စုံမှု အခြေခံကောင်းများနှင့်တကွစီးပွားရေး၊ လူမှုရေး ဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု အခြေခံကောင်းများ ဖြစ်ထွန်းလာစေရအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါ

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ၂၀၀၇ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေညှိနှိုင်းရေးမှူး Mr. Ramesh Sherestha က ဖတ်ကြားသည်။

ယင်းနောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေ အတွင်းရေးမှူး ဒေါက်တာမျိုးမြင့်က ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော် ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ဆုချီးမြှင့်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့၌ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ပဥ္စမတန်း ကျောင်းသား မောင်သူရပိုင်စိုး၊ ဒုတိယဆုရ မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာ အထက်တန်းကျောင်းမှ ပဥ္စမတန်း ကျောင်းသား မောင်အောင်ပြည့်နှင့် တတိယဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်း ကျောင်းသူမဆုရတီလင်းတို့အားလည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း တံတားဦးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသူ မနန်းယုမောင်၊ ဒုတိယဆုရ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနန်းထက်ထက်အောင်နှင့် တတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဆုဇင်ဇင်စိုးတို့အားလည်းကောင်း၊ ပညာရေး တက္ကသိုလ်နှင့် ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဘီအီးဒီ ဒုတိယနှစ်သင်တန်းသူ မနန်းမြတ်မွန်ဦး၊ ဒုတိယဆုရ ဘားအံပညာရေးကောလိပ် ပထမနှစ် သိပ္ပံသင်တန်းသူ မနန်းညိုလှိုင်နှင့် မိတ္ထီလာပညာရေးကောလိပ် ပထမနှစ် သိပ္ပံသင်တန်းသူ မအေးမို့မို့သော်တို့အားလည်းကောင်း၊ အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင်ပထမဆုရဦးကျော်ထွန်း(အဖျောက်မြေ-မောင်ဆွေမွန်)၊ ဒုတိယဆုရ ဒေါက်တာနွယ်နွယ်စိုး (နွယ်လေး- မြန်မာစာ)နှင့် မပြည့်ပြည့်ဖြိုး(ပြည့်ပြည့်ဖြိုး)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ စာတတ်မြောက်ရေးကြိုးပမ်းမှု ဗီဒီယိုအစီအစဉ်ကို ပြသသည်။

ဆက်လက်၍ နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက 'လူတိုင်းအတွက် ပညာရေး' သီချင်းကို သီဆိုတီးမှုတ်ဖျော်ဖြေကြပြီး ၂၀၀၇ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၀၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားပြခန်း၌ ခင်းကျင်းပြသထားသော ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် e-Education ပြကွက်နှင့် မှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၇ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲတွင် ဆုရစာစီစာကုံး၊ ဆောင်းပါးနှင့် ပိုစတာတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၀၇ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပတ်ယွီချွမ်းထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အင်းမအသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၉ရက်က စမ်းချောင်းမြို့နယ် ဗားဂရာလမ်းဥယျာဉ်တိုက် သုခမကျောင်း၌ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် ငါးဘာသာဂုဏ်ထူးရရှိသူ မောင်ပြည်ကျော်အား အသင်းနာယက ဦးအောင်ထွန်းက ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေချီးမြှင့်စဉ်။ (က-ပ)

အခါမလပ် စာဖတ်မှတ်

* ဖတ်မယ်တဲ့ ဖတ်မယ်၊
စာဖတ်ရှိန် အခါမလပ်စေနဲ့
စာဖတ်ကြကွယ်၊
စာဖတ်တော့ အမြင်ကျယ်
ဆင်ခြင်ဖွယ် အသိပေး။
ဘဝတစ်သက်တာ အနေမြတ်အောင်လို့
စာဖတ်စို့လေး။
* မှတ်မယ်တဲ့ မှတ်မယ်၊
အလိမ္မာ စာမှာရှိတယ်လို့
ကဝိမွန် ဆိုစကားရယ်နဲ့
မှတ်သားပါ့ကွယ်၊
လေ့လာမှု အသွယ်သွယ်
မှတ်ဖွယ်ကွဲ့ ထွေပြား။
ရတနာ စာတွေဖတ်ပါလို့
အခါခါ ရှာဖွေမှတ်ရင်လ
မြတ်ပညာ ပိုင်စံစိုးကာ
တိုးတက်မြင့်မား။ ။

ရွှေချောင်းသား (ပညာရေးသုတေသန)

အစဉ် လေ့လာသင်ယူရေး

လူတို့သည် လူ့လောကဖွံ့ဖြိုးရေးအတွက် အသိပညာများနှင့် အတတ်ပညာများကို ရှာဖွေဆည်းပူးကြရ၏။ မှတ်သားနာယူကြရ၏။ စူးစမ်းလေ့လာကြရ၏။ ရရှိလာသော အသိပညာနှင့် အတတ်ပညာများကို အသုံးချပြီး လူ့လောက ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာဦးလူသားတို့ သင်ယူနိုင်မှုများသည် ကိုယ်တိုင်သင်ယူမှုကို အခြေပြုခဲ့ကြရသည်။ ထိုစဉ်က ပညာသင်ကြားပေးနိုင်သည့် သင်ကြားပေးရာဌာနများ မပေါ်ထွန်းခဲ့သေးသောကြောင့် ပတ်ဝန်းကျင်က သင်ကြားပေးနေသည့် သဘာဝဖြစ်ရပ်ဆန်းများကို မိမိဘာသာ ကိုယ်တိုင်သင်ယူနေရခြင်းဖြစ်သည်။

ပတ်ဝန်းကျင် သဘာဝဖြစ်ရပ်ဆန်းများက လူသားတို့၏ အတွေးအခေါ်၊ အမြော်အမြင်များ ကျယ်ပြန့်မြင့်မားလာအောင် အမြဲတစေ စေ့ဆော်ပေးလျက်ရှိနေသည်။ ပတ်ဝန်းကျင်က စေ့ဆော်ပေးမှုများသည် လူသားတို့၏ ပင်ကိုစွမ်းရည် အသိဉာဏ်ကို တိုးပွားစေခဲ့သည်။ စားဝတ်နေရေးအတွက် ကိုယ်တိုင်ဖန်တီးကြရင်း အတတ်ပညာများကလည်း ဆင့်ပွားဆင့်ပွား တိုးပွားလာသည်။ တိုးပွားလာသော အသိပညာများ၊ အတတ်ပညာများဖြင့် တည်ဆောက်လာခဲ့သော လူ့အဖွဲ့အစည်းသည် ခေတ်အဆက်ဆက်ကို တည်ဆောက်ကျော်လွှားနိုင်ခဲ့ပြီး ယနေ့ ၂၁ရာစု ပညာခေတ်သို့ပင် ရောက်ရှိလာပြီ ဖြစ်ပါသည်။

ယနေ့ ၂၁ရာစု၌ သိပ္ပံနှင့်နည်းပညာရပ်များသည် တစ်ဟုန်ထိုး တိုးတက်မြင့်မားလာပြီး ကမ္ဘာကြီးကို လွှမ်းမိုးလာသဖြင့် ပညာခေတ် (Knowledge Age) ဟု တစ်ကမ္ဘာလုံးက အတည်ပြုခဲ့ပေပြီ။ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖွံ့ဖြိုးလာသော ပြောင်းလဲမှု အရှိန်အဟုန်သည် တစ်နေ့ထက်တစ်နေ့ တိုးတက်လွှမ်းမိုးနေသည်။ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော သိပ္ပံနှင့်နည်းပညာရပ်များသည် လူသားအားလုံးကို အမြဲတမ်းစိန်ခေါ်လျက်ရှိလေသည်။ ပညာခေတ်၏ စိန်ခေါ်မှုများဟု ဆိုကြရပေမည်။ ပညာခေတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်လောကကြီးကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် လူ့ဘောင်သစ်တစ်ခု တည်ဆောက်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။ ထိုလူ့ဘောင်သစ်၌ အစဉ်လေ့လာသင်ယူမှုများကို မြှင့်တင်ပေးနေရမည် ဖြစ်ပေသည်။ လေ့လာသင်ယူမှုလုပ်ငန်းဟူသည် မပြီးဆုံးနိုင်သော လူမှုကိစ္စဖြစ်ပါသည်။ ထိုအချက်ကို နှလုံးသွင်းပြီး တစ်သက်တာ သင်ယူမှုလုပ်ငန်းများကို ကျွန်ုပ်တို့ ဆောင်ရွက်နေကြရခြင်း ဖြစ်ပေသည်။ တစ်သက်တာ သင်ယူမှုအတွက် 'အားလုံးအတွက်ပညာရေး' (Education for All-EFA) ဟုကြွေးကြော်လာပြီး အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးတည်ဆောက်ကြရာ၌ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အသက်အရွယ်အလိုက် ပညာရယူနိုင်ရန် နည်းလမ်းသုံးသွယ်ဖြင့် အကောင်အထည်ဖော်လျက် ရှိပေသည်။ ၎င်းနည်းလမ်းသုံးသွယ်မှာ–

(၁) ကျောင်းပညာရေး (Formal Education-FE)
(၂) ကျောင်းပြင်ပပညာရေး (Non-Formal Education-NFE)
(၃) ကိုယ်တိုင်သင်ယူပညာရေး(Informal Education-IE)

တို့ ဖြစ်ပေသည်။

ကျောင်းပညာရေးသည် အတန်းစဉ်တက်ပြီး သင်ယူပြီးမြောက်ခြင်းကို ဦးတည်ဆောင်ရွက်သည်။ ကျောင်းပြင်ပပညာရေးသည် စာမတတ်သူ ပပျောက်ရေး လှုပ်ရှားဆောင်ရွက်မှုများကို အခြေခံဆောင်ရွက်သည်။ စာမတတ်သူများကို အရေး၊ အဖတ်၊ အတွက်အချက် အခြေခံများ ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ကြားပေးပြီး ဉာဏ်ရည်မြှင့် အစီအစဉ်များဖြင့် အသက်မွေးဝမ်းကျောင်း လမ်းပေါ်သို့ တင်ပို့ပေးနေသည်။ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး လမ်းကြောင်းမှတစ်ဆင့် 'ဘဝတွက်တာ သိမှတ်စရာများ'၊ 'ဘဝတွက်တာ ဆည်းပူးစရာ လေ့လာ စရာများ'ကို နည်းအမျိုးမျိုးဖြင့် ရှာဖွေစုဆောင်းခြင်း၊ လေ့လာဆည်းပူးခြင်း၊ မှတ်သားနာယူခြင်းတို့သည် ကိုယ်တိုင်သင်ယူ ပညာရေးပင် ဖြစ်ပေသည်။ ကိုယ်တိုင်သင်ယူပညာရေးကို လူတိုင်းကျင့်သုံးနေပါမှ အစဉ်လေ့လာ သင်ယူနေသော လူ့အဖွဲ့အစည်းအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ပေမည်။

ကျောင်းပညာရေး၌ သူငယ်တန်း (Grade One) မှ ပါရဂူတန်းအထိ ပညာသင်ယူနိုင်ခွင့်များ တိုးချဲ့ဆောင်ရွက်ပေးလျက် ရှိသည့်နည်းတူ ကျောင်းပြင်ပ ပညာရေးကိုလည်း အလေးအနက်ထားပြီး အကောင်အထည်ဖော်လျက် ရှိပေသည်။ ကျောင်းပြင်ပပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်သော စာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ရာ ၁၉၆၆ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ သက်ကြီးစာမတတ်သူများထဲမှ ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိ စာတတ်မြောက်ခဲ့ပြီဖြစ်ကြောင်း မော်ကွန်းတင်နိုင်ခဲ့ပါသည်။ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် **တစ်ယောက်မကျန် စာတတ်ရန်**ဟု ကြွေးကြော်လျက် သက်ကြီးစာမတတ်

ဦးကျော်ညွန့်(ပညာရေးသုတေသန)

သူ အကြွင်းအကျန်များကို ကောက်သင်းကောက်စာရင်းယူပြီး ဝိုင်းဝန်းကူညီသင်ကြားပေးခဲ့သည်။ ၂၀၀၇ခုနှစ်၌ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ပြီ ဖြစ်ပါသည်။

စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေး စီမံချက်ဖြင့် ရပ်ရွာပညာပဒေသာဌာနများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပေးနေပြီး ပညာရယူရန်ဌာနများအဖြစ် ဖန်တီးပေးလျက်ရှိပေသည်။ ကျောင်းပြင်ပ ပညာရေး၏ အခက်အလက်များဖြစ်သော ဝင်ငွေတိုးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းသင်တန်းများက ရယူခဲ့သော အတတ်ပညာများနှင့် ရပ်ရွာပညာပဒေသာ ဌာနများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် မှတ်သားဆည်းပူးလေ့လာခဲ့ရသော အသိပညာများ ပေါင်းစပ်ပြီး လူမှုဘဝမြင့်မားတိုးတက်နေအောင် တည်ဆောက်နိုင်ကြပေပြီ။

တိုးပွားကြီးပွားစေနိုင်သည်ဟု ခံယူကြသည်။ ပညာနှင့် ပတ်သက်ပြီး 'ပညာသမာ အာဘာနတ္ထိ'၊ 'ပညာရှာပမာသူဖုန်းစား'၊ 'ပညာမရှိ သူ၏ဝန်ထမ်း'၊ 'ပညာလို အိုသည်မရှိ'ဟူသော ဆိုရိုးစကားများဖြင့် ဆိုထုံးပြုခဲ့ကြပေသည်။

မြန်မာ့လူနေမှုအဖွဲ့အစည်းကို ဆန်းစစ်ကြည့်ပါမူ ရဟန်းပညာရှိ၊ လူပညာရှိတို့၏ အဆိုအမိန့်များ၊ ဆိုရိုးစကားများ၊ နီတိကျင့်ဝတ်များ၊ သံပေါက်လင်္ကာများက မြန်မာ့လူနေမှုကို လွှမ်းမိုးလျက်ရှိကြောင်း သိသာထင်ရှားလှသည်။ လွှမ်းမိုးနေသည်များကို ခြုံငုံသုံးသပ်သည့်အခါ၌လည်း ပညာသင်ယူမှု ရှင်သန်နေရန် တိုက်တွန်းနှိုးဆော်မှုများသာ ဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပေသည်။ ထိုတိုက်တွန်းနှိုးဆော်နေမှုများသည် ကိုယ်တိုင်သင်ယူပညာရေးကို ပုံလောင်းစေ့ဆော်ပေးနေရင်းက အစဉ်လေ့လာ သင်ယူမှုအတွက် အထောက်အပံ့ပြုပေးနေခြင်း ဖြစ်ပါသည်။

လူတစ်ဦးချင်းစီ၏ ကိုယ်တိုင်သင်ယူမှုစံနှုန်း မြင့်မားနေခြင်းသည် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်မည့် လက္ခဏာဖြစ်သည်။ လူတစ်ဦး၏ သင်ယူမှုစံနှုန်းသည် ထိုလူတစ်ဦး၏ အရည်အသွေးကို ညွှန်ပြပေးနေသည်။ လူ့အဖွဲ့အစည်းတစ်ခု၏ သင်ယူမှုစံနှုန်းသည် ထိုလူ့အဖွဲ့အစည်း၏ အရည်အသွေးဖြစ်နေမည်မှာသေချာသည်။ သင်ယူမှုစံနှုန်း မြင့်မားနေခြင်းသည် ဖွံ့ဖြိုးမှုစံနှုန်းအရည်အသွေး မြင့်မားနေအောင် မြှင့်တင်ပေးနေခြင်းပင် ဖြစ်ပေသည်။ သဘာဝပတ်ဝန်းကျင်များနှင့် လူမှုပတ်ဝန်းကျင်များမှ လေ့လာသင်ယူစရာများကို အစဉ်လေ့လာသင်ယူခြင်းဖြင့် သင်ယူမှုစံနှုန်း မြင့်မားနေအောင် ကြိုးပမ်းအားထုတ်နေကြရမည် ဖြစ်ပါသည်။

'၂၁ရာစုမှာ နိုင်ငံတစ်နိုင်ငံရဲ့ ဓနအင်အားဟာ နိုင်ငံသားတွေရဲ့ သင်ယူနိုင်မှုစွမ်းအားပေါ်မှာ မူတည်လိမ့်မယ်၊ နည်းပညာသစ်တွေနဲ့ အတွေးအခေါ်သစ်တွေ ရှာဖွေဖော်ထုတ် အသုံးချနိုင်မှုဟာ စီးပွားရေး တိုးတက်မှုအတွက် သော့ချက်ပဲ' ဆိုသောစကားနှင့် **'အစဉ်တွေးခေါ် ကြံဆနေတဲ့ ကျောင်းတွေနဲ့ အစဉ်သင်ယူနေတဲ့ နိုင်ငံဖြစ်မှသာ ထောင်စုနှစ်သစ်မှာ စီးပွားရေးလမ်းကြောင်းကောင်းမယ်'** ဆိုသော ပညာရှင်တို့၏ စကားများသည် သင်ယူမှုစံနှုန်းမြင့်မားရေးကို အလေးအနက်ညွှန်ပြနေခြင်း ဖြစ်ပေသည်။

သင်ယူမှုစံနှုန်း မြင့်မားနေမှသာ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ပေမည်။ သင်ယူမှုစံနှုန်း နိမ့်ကျနေပါက ခေတ်နှင့်မညီ ခေတ်မမီတော့ဘဲ နောက်ချန် ကျန်ရစ်နေမည်သာဖြစ်သည်။ အမြင်ကျယ်သူတို့က အမြင်မကျယ်သူတို့အပေါ် ဩဇာလွှမ်းမိုးနိုင်သလို သင်ယူမှုစံနှုန်း မြင့်မားနေသူများက သင်ယူမှုစံနှုန်း နိမ့်ကျနေသူများအပေါ် ဩဇာလွှမ်းမိုးနေမည်မှာ ဓမ္မတာဖြစ်သည်။

၂၁ရာစု၌ သိပ္ပံနှင့်နည်းပညာရပ်များသည် တစ်ဟုန်ထိုး တိုးတက်မြင့်မားလာပြီး ကမ္ဘာကြီးကို လွှမ်းမိုးလာသဖြင့် ပညာခေတ် (Knowledge Age)ဟု တစ်ကမ္ဘာလုံးက အတည်ပြုခဲ့။

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော သိပ္ပံနှင့်နည်းပညာရပ်များသည် လူသားအားလုံးကို အမြဲတမ်းစိန်ခေါ်လျက်ရှိ။

ပညာခေတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်လောကကြီးကို တည်ဆောက်နိုင်မည်။

ကိုယ်တိုင်သင်ယူပညာရေးသည် ကမ္ဘာဦးလူသားများမှစ၍ ၂၁ရာစု လူသားများအထိ လက်ခံကျင့်သုံးလျက်ရှိသော မရိုးနိုင်ဘဲ ဆန်းသစ်နေသည့် သင်ယူမှုလုပ်ငန်းဖြစ်ပါသည်။ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးရေသောက်မြစ်မှ ဖြာထွက်လာသော အခက်အလက်ဟုဆိုက ဆိုနိုင်ပေသည်။ ကိုယ်တိုင်သင်ယူ ပညာရေးဟူသည်ကား မြန်မာ့လူမှုနယ်ပယ်၌ မြန်မာ့လူနေမှုစနစ်နှင့်အညီ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်၌ 'ပညာ'ကို လမ်းပြဦးဆောင် မီးရှူးရောင်ဟု မှတ်ယူစွဲသုံးသည်။ ပညာဖြင့် အရာရာကို ကျော်လွှား အောင်မြင်နိုင်ပြီး

သင်ယူမှုစံနှုန်း နိမ့်ကျနေသူများသည် **'ပညာမရှိ သူ၏ဝန်ထမ်း'** ဆိုသော မြန်မာ့ဆိုရိုးစကားအတိုင်း သင်ယူမှုစံနှုန်း မြင့်မားနေသူတို့၏ အစေအပါးအဖြစ် ရပ်တည်နေရမည်ကို အလေးအနက် သတိမူကြရပေမည်။ သင်ယူမှုစံနှုန်း မြင့်မားနေရန်'ပညာလိုအိုသည်မရှိ' ဆိုသော မြန်မာ့ဆိုရိုး စကားအတိုင်း တစ်သက်တာ သင်ယူမှုကို ဦးလည်မသုန် ကျင့်သုံးကြရမည်ဖြစ်ပြီး အစဉ်လေ့လာ သင်ယူနေသော လူ့အဖွဲ့အစည်းအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်အောင် ဆောင်ရွက်နေကြရမည် ဖြစ်ပါသတည်း။ ။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြန်/ဆက် ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲ၊ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဩဂုတ် ၂၂ရက် နံနက်၁၀နာရီက (၁၃၃)ရပ်ကွက် ဘ၀ ရှေ့ဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မျိုးသန်းက အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက်(၁၃၃)ရပ်ကွက် ဘ၀ ရှေ့ဆောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဥက္ကဋ္ဌ ဦးအောင်ပုက ချစ်နိုင် (စိတ်ပညာ)၏ ရွှေဖိနပ် ရုပ်တိုက်စီးစာအုပ်မှ တာဝန်သိခြင်းဆောင်းပါးကို ဖတ်ကြား ဆွေးနွေးပြီး ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သီတာက ဩဂုတ် ၁၅ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ မြန်မာစာပေ၏ သားသမီးများ ဆောင်းပါးကို ဖတ်ကြား ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မန္တလေးတိုင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)ဖွင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၈

၂၀၀၇ခုနှစ် မန္တလေးတိုင်း(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၁ရက် နံနက် ၉နာရီက မန္တလေးတက္ကသိုလ် အားကစားရုံ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အစီအစဉ်အရ မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဆင့်မြင့်ပညာ ဦးစီးဌာန(အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားရာတွင် ယခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဦးတည်ချက် (၅)ရပ်ဖြစ်သည့် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် ဇာတိသွေး ဇာတိမာန်ထက်မြက်စေရန်၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှုကိုတိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို ဖော်ထုတ်မြှင့်တင်ရင်း နိုင်ငံတော်၏ အနာဂတ်ကို မြန်မာမှု မြန်မာ့ဟန်၊ မြန်မာ့တန်ဖိုးများနှင့်အညီ တည်ဆောက်နိုင်ရန်၊ အနုပညာစွမ်းအားများဖြင့် ပါဝင်ကြိုးစားကြရန်၊ တိုင်းတစ်ပါး ယဉ်ကျေးမှု ထိုးဖောက်ခြင်းအန္တရာယ်များကိုတားဆီးကာကွယ်နိုင်စေရန်တို့အတွက်အနုပညာစွမ်းပကားများဖြင့် စွမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦးက ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မန္တလေးတိုင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲကျင်းပမည့် အခြေအနေများ၊ ယခင်နှစ် ဆုရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အဆင့်မြင့်ပညာအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ကြမည့် ယဉ်ကျေးမှု တက္ကသိုလ်မှ မမြင့်မြင့်အေးသိန်းက ရွှေမန္တလေးသီချင်းဖြင့်လည်းကောင်း၊ မောင်နိုင်လင်းဦးက အက၊ အလှဖြင့်လည်းကောင်း၊ ရတနာပုံတက္ကသိုလ်မှ မသော်တာချမ်းမြေ့က အမေ့ပါး သနပ်ခါးတေးသီချင်းဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု တက္ကသိုလ်မှ မသက်မာစိုးက အကအလှဖြင့်လည်းကောင်း၊ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသူလေးများက ဂီတဂုဏ်ရောင် တေးသီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ဩဂုတ် ၂၈ရက်က စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ကိုင်းမြို့ ရွှေမင်းဝံပန်းခြံ သာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂) လမ်းမကြီးရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး ရန်ကုန် စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကံဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဟောပြော

ထို့နောက် ဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်စန်းရီ (ရန်ကုန်စီးပွားရေးတက္ကသိုလ်)က အမျိုးသမီးများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်ရွက်ပေးနေသော Micro Credit အသေးစားငွေချေးလုပ်ငန်းများအကြောင်း ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောကြသည်။ ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်က ဟောပြောကြသူများအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး ဟောပြောပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်-ရေးလမ်းပိုင်းတွင် အစုန်/အဆန်ရထားခရီးစဉ် တိုးချဲ့ပြေးဆွဲမည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ၏ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်ကို တိုးချဲ့ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး မကြာမီကာလအတွင်း မော်လမြိုင်-ရေးလမ်းပိုင်းတွင် ဂျပန်နိုင်ငံလုပ် Rail Bus ကိုအသုံးပြုကာ အစုန်ရထားခရီးစဉ်တစ်ခုနှင့် အဆန်ရထားခရီးစဉ်တစ်ခုကို တိုးချဲ့ပြေးဆွဲမည် ဖြစ်ကြောင်း သိရသည်။

အမှတ်(၁၇၃)အဆန်ရထားသည် မော်လမြိုင်ဘူတာမှ နံနက် ၅ နာရီတွင် ထွက်ခွာ၍ ရေးဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကာ အမှတ်(၁၇၄) အစုန်ရထားသည် ရေးဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ ညနေ ၆နာရီ မိနစ် ၄၀တွင်ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ လမ်းခရီးတွင် သရက်ကုန်း၊ မိုက်ကနိန်း၊ မုဒုံ၊ ကမာဝက်၊ သံဖြူဇရပ်၊ ပင၊ ကရုပ္ပိ၊ ထင်းရှူး၊ အနင်း၊ နှစ်ကရင်၊ လမိုင်း၊ တောင်ဘုံနှင့် ပလိုင်ကီးဘူတာတို့တွင် ခေတ္တရပ်တန့်ပေးမည်ဖြစ်ကြောင်းနှင့် မော်လမြိုင်-ရေး မိုင် ၉၀ ရထားခရီးစဉ်အတွက် ရထားခနှုန်းထားမှာ ရိုးရိုးတန်းအတွက် ငွေကျပ် ၃၇၀ ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

သတ္တဋ္ဌာန ဗုဒ္ဓါနုဿတိ အဓိဋ္ဌာန်ပွဲ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သတ္တဋ္ဌာနဗုဒ္ဓ (၇)ဆူ ရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဋ္ဌာနဗုဒ္ဓါနုဿတိ ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကြီးနှင့်ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲကို စက်တင်ဘာ၁၇ရက်မှ ၂၅ရက်အထိ ၉ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဘုရားရှင်များအား ဓာတ်ကြီးလေးပါးဆွမ်းကပ်လှူခြင်းကို နံနက် ၆နာရီခွဲတွင်လည်းကောင်း၊ သတ္တဋ္ဌာန ဗုဒ္ဓါနုဿတိ အဓိဋ္ဌာန်ပွဲကို ညနေ၅နာရီတွင်လည်းကောင်း အောင်မြေရုံ၌ ကျင်းပမည်ဖြစ်ရာ ဓာတ်ကြီးလေးပါး ဆွမ်းကပ်လိုသူ သာသနာပွဲနှင့် ညနေဖျော်ရည်ဆွမ်းတို့ကိုလှူဒါန်းလိုပါက ကျောင်းတိုက်အကျိုးဆောင် ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၅၂)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော် ကြီး ဖြစ် မြောက် ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် တိုက် (၅၉/၁) ပထမထပ် အခန်း (၉) ဦးအုန်းခိုင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဖခင်ကြီး ဦးတင်လွန်း (SE စားသောက်တွဲ ကန်ထရိုက်တာ)နှင့် မိခင်ကြီးဒေါ်ခင်ထွေး (မိုးကုတ်ကျောင်းအမ)တို့အား ရည်စူး၍ သား ဦးတင်မောင်ထွေး-ဒေါ်ခင်ဆွေဦး၊ မောင်ဇော်ကိုကို၊ မောင်သက်ကိုကို မိသားစုတို့က ငွေကျပ်တစ်သိန်းကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လက်ခံယူ

အလုံမြို့နယ် ၄ဝါလမ်း အမှတ် ၅၇နေ ကွယ်လွန်သူများဖြစ်ကြသော ဦးရွှေမင်း(ခ)တန်မားပို့ (၁၂)နှစ်ပြည့်နှင့် ဦးသိန်းထွန်း(ခ)တန်အိန်ကြိုင် လေးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား ဘဏ္ဍာရေးမှူးဒေါ်စိုးရီနှင့် လက်ထောက်စာရင်းကိုင် ဒေါ်တင်ရီတို့က လက်ခံယူစဉ်။ (က-ပ)

လက်ရာသန့်ပန်းချီကားများကို ပြသထားသည့် ပန်းချီပြပွဲ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပန်းချီဆရာ သန့်ဇင်၏ "ပုဂံကျက်သရေ" **ပန်းချီကားမှာ မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ်ကို ထိမိစွာ ဖော်ကျူးထားသည်။**

ရန်ကုန် စက်တင်ဘာ ၈

ပန်းချီအနုပညာ အရည်အသွေးမြင့်မားသော ပန်းချီကားများကိုသာ ခင်းကျင်း ပြသထားသည့် "7 Strokes" ပန်းချီပြပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ Orient ပန်းချီပြခန်း၌ ယနေ့နံနက် ၉နာရီက စတင်ဖွင့်လှစ်ပြသသည်။

ခင်းကျင်းပြသထား

အဆိုပါ ပန်းချီပြပွဲဖွင့်ပွဲသို့ ဖိတ်ကြားထားသူများ၊ ပန်းချီဆရာများနှင့် မီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။ "7 Strokes" ပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သော ကျော်စိုး၊ သန်းထိုက် (မြန်မာစာ)၊ အောင်သင်းဦး၊ မျိုးကျော်၊ သန့်ဇင် (Orient)၊ မင်းရီနှင့် မိုးညိုတို့၏ လက်ရာမြောက် ပန်းချီကားပေါင်း၅၀ကို ခင်းကျင်းပြသထားသည်။

ပန်းချီဆရာခုနစ်ဦး၏ ပန်းချီကားများတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကားများဖြစ်ပြီး ရေဆေး ၁၀ ကား၊ အခရိုင်းလစ် ၂၅ကားနှင့် ဆီဆေး ၁၅ ကားတို့ ပါဝင်သည်။

ကျက်သရေကိုဖော်ပြ

ထိုပန်းချီကားများအနက် ပန်းချီဆရာ သန့်ဇင်(Orient)၏ **"ပုဂံကျက်သရေ"**ပန်းချီကားမှာ ပုဂံရှိ ဓမ္မရံကြီးမုခ်ဦးမြင်ကွင်းကို နံနက်ပိုင်းအချိန် ရေးဆွဲထားခြင်း ဖြစ်သည်။ ဆီဆေးကို ဓားဖြင့်ရေးဆွဲထားခြင်းဖြစ်ပြီး ပန်းချီကား၌ ပုဂံနံနက်ခင်း၏ အနွေးဓာတ်ကို ခံစားနိုင်အောင် ရေးဆွဲထားပြီး မြန်မာတို့၏ ရှေးဟောင်း အမွေအနှစ် ကျက်သရေကိုလည်း ဖော်ပြထားနိုင်သော ပန်းချီကားဖြစ်သည်။

နောက်ပန်းချီကား တစ်ချပ်မှာ အောင်သင်းဦး၏ **'မြန်မာ့စောင်း'** ပန်းချီကားဖြစ်သည်။ မြန်မာ့စောင်းကို မြန်မာဆန်သော အမျိုးသမီးလေးတစ်ဦးက တီးခတ်နေပုံ ဖြစ်သည်။ အလင်း၊ အမှောင်၊ အရောင်အနုအရင့်တို့ ပိုင်နိုင်စွာအသုံးပြုရေးဆွဲထားသော ပန်းချီကားဖြစ်ရာ လက်ရာမြောက်လှသည်။ ပန်းချီဆရာ အောင်သင်းဦးမှာ ယဉ်ကျေးမှုတက္ကသိုလ်မှ ကထိကတစ်ဦးဖြစ်သည်။

ဆွဲဆောင်မှုရှိသည့် နောက်ပန်းချီကား တစ်ချပ်မှာ ကျော်စိုး၏ **'ငါးဖမ်းနေသည့် ကလေးငယ်'**အမည်ရှိ အခရိုင်းလစ်နှင့် ရေးဆွဲထားသော ပန်းချီကားဖြစ်သည်။ တောင်သမန်အင်းအတွင်း ညနေစောင်းအချိန်၌ ကလေးငယ်တစ်ဦး ငါးမျှားနေပုံဖြစ်သည်။ လှေ၊ ရေ၊ ကလေးငယ်တို့အား သဘာဝကျအောင် အရောင်များဖြင့် ပီပြင်စွာ ဖော်ပြထားသော ပန်းချီကားတစ်ချပ်ဖြစ်သည်။

ခြယ်မှုန်းထား

နောက်ထပ်စိတ်ဝင်စားဖွယ်ကောင်းသည့်ပန်းချီကားတစ်ချပ်မှာယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြတစ်ဦးလည်းဖြစ်ပြီး ပန်းချီဆရာလည်း ဖြစ်သည့် မိုးညို၏ **'ကုသိုလ်တော်'**အမည်ရှိ ရေဆေးပန်းချီကားဖြစ်သည်။ မန္တလေးတောင်ခြေရှိ ကုသိုလ်တော် ဘုရား၏ အနီးကပ်မြင်ကွင်းကိုအလင်း၊အမှောင်၊ အရောင်အရိပ်များဖြင့် ခြယ်မှုန်းထားရာ အေးမြသော ဘုရား၏ အရိပ်မှာ ပေါ်လွင်လျက် ရှိသည်။

ယခုခင်းကျင်းပြသသည့် '7 Strokes'ပန်းချီပြပွဲကို စက်တင်ဘာ ၈ရက်မှ ၁၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၆နာရီ အထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ငါးဖမ်းနေသည့် ကလေးငယ်

ပန်းချီ ဆရာကျော်စိုး၏ "ငါးဖမ်းနေသည့် ကလေးငယ်" **ပန်းချီကားမှာ အရောင်၊ အရိပ်များဖြင့် သဘာဝကျစွာ မြင်တွေ့ရသည်။**

မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များ၊ စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီဝင်များ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်း အမှုဆောင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့်ဘဏ္ဍာရေး အတိုင်ပင်ခံများ၊ ဆုချီးမြှင့်ရေးရန်ပုံငွေအလှူရှင်များ၊ သင်တန်းအောင်မြင်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာ စာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိ အောင်မြင်သူများအား မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆုတံဆိပ်နှင့် ငွေသားဆုငွေများ ချီးမြှင့်ပေးသည်။

ဆက်လက်၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် ပထမပိုင်း စာမေးပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိအောင်မြင်သူများအား မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များက ဆုတံဆိပ်နှင့်ငွေသားဆုငွေများ ချီးမြှင့်ကြသည်။

ထို့နောက် စာမေးပွဲအသီးသီးတွင် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအား ငွေသား ဆုငွေများကိုလည်းကောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့်ဒီပလိုမာစာရင်းကိုင်သင်တန်း ဒုတိယပိုင်း အောင်မြင်သူများအား အောင်လက်မှတ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များနှင့်လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ကျောင်းဆောက်လုပ်ရေးငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့ မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည်နာယကသာသနာ့ကုန်းဆရာတော်ဘဒ္ဒန္တဝိစာရိန္ဒဦးဆောင်၍ တည်ဆောက်လျက်ရှိသော နှစ်ထပ်ကျောင်းဆောင်အတွက် မန္တလေးမြို့နေ ဦးမြင့်ဦး-ဒေါ်ခင်မျိုး မိသားစုက အလှူငွေကျပ် ၆၅သိန်းကို ဩဂုတ် ၂၉ရက်က သာသနာ့ကုန်းဆရာတော်ထံ ပေးအပ်လှူဒါန်းသည်။ အဆိုပါ ကျောင်းဆောင်အတွက် လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၅၁၆၆၇၉၃ (ရန်ကုန်မြို့)နှင့် ၀၅၇-၆၀၁၀၀ (ကျိုက်ထိုမြို့)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အမှုဆောင်အဖွဲ့ အလှူငွေပေးအပ်ပွဲတက်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် မလေးရှားနိုင်ငံ Xim Phou Moon Welfare Society(XPMအဖွဲ့)၏ ဖိတ်ကြားချက်အရ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုး ဦးဂွမ်ရှင်နှင့် အတွင်းရေးမှူးဦးအောင်သန်းတို့သည် XPM အဖွဲ့၏ (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲနှင့် ညစာစားပွဲသို့ တက်ရောက်ရန်အတွက် ယမန်နေ့ နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် အမှုဆောင်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

အလှူငွေပေးအပ်

အဘိုးဦးဂွမ်ရှင်နှင့် အတွင်းရေးမှူး ဦးအောင်သန်းတို့သည် ကွာလာလမ်ပူမြို့တွင် စက်တင်ဘာ ၁၁ရက်အထိ နေထိုင်ကြပြီး XPM အဖွဲ့၏ အစီအစဉ်ဖြင့်ပင် ကွာလာလမ်ပူမြို့၌ လှည့်လည် ကြည့်ရှုကြ၍ ၉ရက်၌ ကျင်းပမည့် အလှူငွေ ပေးအပ်ပွဲနှင့် ညစာစားပွဲသို့ တက်ရောက်ကြမည်ဟု သိရသည်။

(က-ပ)

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ဘဏ်များကြီးကြပ်ရေး ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံ ဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဘဏ်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ ဦးသန်းညိန်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ယာပုံ)**

ဝါရင့်ပညာရှင်များ

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်များ၊ ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာဝါရင့်ပညာရှင်များ၊ သင်တန်းပို့ချသည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဘဏ်များကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

၎င်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ဇူလိုင် ၉ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း ၄၂ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စိမ်းလန်းသာယာ ကျန်းမာသန့်ရှင်းသော ကျောင်းအဖြစ်သတ်မှတ် တိုင်းမှူးပိုလ်ချုပ်လှငွေးဝင်း စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအား စိမ်းလန်းသာယာ ကျန်းမာသန့်ရှင်းသောကျောင်းအဖြစ် သတ်မှတ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၆ရက် နံနက်၇နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်ချီးမြှင့်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှငွေးဝင်းက စိမ်းလန်းသာယာကျန်းမာသန့်ရှင်းသောကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဝင်းအတွင်း အရိပ်ရလေကာပင်များ အမှတ်တရ စိုက်ပျိုးပေးကြပြီး ကျန်းမာရေးလှုပ်ရှား ဆောင်ရွက်မှုပြခန်း၊အာဟာရပြခန်းများအတွင်း ကျောင်းသား ကျောင်းသူလေးများ၏ သရုပ်ပြရှင်းလင်းတင်ဆက်မှုများ၊ဈေးဆိုင်ခန်းများ၊ ကျောင်းစာကြည့်တိုက်၊ Language Lab၊ Multi Media Classroom၊သိပ္ပံခန်းများကိုလှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

ထို့နောက် ကျောင်းခန်းမ၌မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသန့်ရှင်းရေးသုံးပစ္စည်းများနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ကျန်းမာရေးပညာပေးပိုစတာများပေးအပ်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေးက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာစောင်ရေ ၁၀၀၀ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

၎င်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများသို့ ကျန်းမာရေးပညာပေးပိုစတာများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပါရမီကုန်း တော်ဝင်ရိပ်သာ တိုက်(ဂျေ) အခန်း (၃) နေ ဗိုလ်မှူးကြီး အောင်မြင့်သွင်-ဒေါ်တင်တင်ငွေး၊ သမီး ဗိုလ်ကြီး ခင်ကြူကြူဝေ၊ သား ဗိုလ်ဖုန်းမြင့်ကို၊ဗိုလ်ကြီး ကျော်စွာလင်း၊ ဗိုလ်ဖုန်းမြင့်သွင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် စက်တင်ဘာ၂ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း မိတ္ထီလာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မိတ္ထီလာခရိုင်ရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးမှာကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးက နယ်မြေလူထု ကျန်းမာရေးအတွက် ပါဝင်ဆောင်ရွက်နိုင်ရန် ခြင်ဆေးငွေ့မှုတ်စက်ငယ်ကို မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** ခရိုင်အတွင်းရေးမှူးနှင့် အမှုဆောင်များက လက်ခံကြသည်။

ယင်းနောက် ခြင်ဆေးငွေ့မှုတ်စက်ငယ်ဖြင့် လက်တွေ့ သရုပ်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးပညာပေး အင်းစိန်တွင် ဟောပြော

ရန်ကုန် စက်တင်ဘာ ၈

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ဓမ္မာရုံတွင် စက်တင်ဘာ ၄ ရက် နံနက်၉နာရီက သွေးလွန်တုပ်ကွေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာနော်သန္တာဆွေနှင့် ဆရာမ ဒေါ်ခင်လေးမူတို့က သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ပါဝင်သောအဖွဲ့သည် အောင်ဆန်းရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို လည်းကောင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ပိုးလောက်လမ်းစားဒေါင်းငါးများလွှတ်သည့်လုပ်ငန်းများကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

မြစ်နှစ်စင်းရဲ့ပင်လယ်ဇာတ်ကားမှ ထွန်းအိန္ဒြာဗိုနှင့် အိန္ဒြာကျော်ဇင်။

ကိုးဆယ်ဆသာလိမ့်မယ် ဆက်လက်ပြသ နိုင်ငံခြားဇာတ်ကားသစ်များ ရုံဝင်လာ

ရန်ကုန် စက်တင်ဘာ ၈

ဒါရိုက်တာ မောင်ယဉ်အောင်၏ **ကိုးဆယ်ဆသာလိမ့်မယ်** ဇာတ်ကားမှာ သမ္မတ၊ သွင်ရုံနှင့် နဝဒေးရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ မန္တလေးတွင် ဝင်းလိုက်ရုံ၌ မန္တလေးပရိသတ်ကို ဆက်လက်၍ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

မင်္ဂလာအဆင့်မြင့်ရုံတွင် အမိတာဘချန်း၊ မိုးဟန်လားလ်၊ အာဂျေးဒေ့ဂန်၊ မင်းသမီး ဆူမီသာစင်းနှင့် နီရှားကိုထာရီတို့ ခေါင်းဆောင်ပါဝင်ထားသော AAG ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ တစ်ချိန်က ရှိုးလေး ဇာတ်ကားကို ပြန်လည်ဆန်းသစ်ထားသော ဇာတ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ဂျက်ကီချန်း ခေါင်းဆောင် ပါဝင်ထားသော Rush Hour (3) ဇာတ်ကားသစ် ရုံဝင်လာသည့် အက်ရှင်ဇာတ်ကား ဖြစ်ပြီး လော့စ်အိန်ဂျလိစ်နှင့် ပဲရစ်မြို့ ရှုခင်းများကို အခြေခံရိုက်ကူးထားသည်။

ရှေ့ဆောင်ရုံတွင် Die Hard(4) ဇာတ်ကား ဆက်လက် ပြသနေဆဲဖြစ်သည်။

ဆုထူးပန်ရုံတွင် အိန္ဒိယမေတ္တာဘွဲ့ဇာတ်ကား Yeedain ရုံဝင်လာပြီး ရီတိတ်ရိုရှန်နှင့် ကရီနားကာပူးရ်တို့ အဓိက သရုပ်ဆောင် ပါဝင်ထားသည်။ ဘုရင့်ရုံတွင် မင်းသား စုနီးလ်ရှက်သီး ခေါင်းဆောင်ပါဝင်ထားသော Fight Club ရုံဝင်လာသည်။ တန်းမြင့်ရုံတွင် မင်းသား ဆန်နီဒိုးလ်၊ အက်ရှေးကူးမားတို့ ပါဝင်ထားသော Jaani Dushman ဇာတ်ကားရုံ ဝင်လာသည်။ ရွှေဂုန်ရုံ အပေါ်ထပ်တွင် Only the Storng ဇာတ်ကားပြသနေပြီး မြေညီထပ်၌ Young Gun II ဇာတ်ကား ရုံဝင်လာသည်။

ရုပ်ရှင် သတင်းထောက်

ဗီဒီယိုဇာတ်ကားများ

အကြည်တော်၏ဇာတ်ညွှန်းကို ဒါရိုက်တာဥက္ကာဗိုရိုက်ကူးသည့် **အချစ်ချိုချို သမက်ခါးခါး** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ မိုးဒီနှင့် မော့စ်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ရွှေဗဟို၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် မြရတနာရုံများတွင် ဒါရိုက်တာဝင်းထွန်းထွန်း၏ **မြစ်နှစ်စင်းရဲ့ ပင်လယ်** ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

ရွှေမန်း၊သီတာနှင့် စံပြရုံများတွင် စိုင်းစိုင်းခမ်းလှိုင်၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသော **အိပ်မက်စေညွှန်းရာ** ဗီဒီယိုဇာတ်ကားဆက်လက်ပြသနေဆဲဖြစ်သည်။ **(မြန်မာ့အလင်း)**

ကိုးဆယ်ဆ သာလိမ့်မယ် ဇာတ်ကားမှဇာတ်ဝင်ခန်းတစ်ခန်း။

နိုင်ငံတော်တွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးထိခိုက်ပျက်ပြားပြီး လူထုအုံကြွမှုများဖြစ်ပွားကာ ၎င်းတို့ အာဏာရရှိစေရန်လည်းကောင်း၊ အမျိုးသားညီလာခံပျက်ပြားပြီး ၎င်းတို့လိုလားသည့် တွေ့ဆုံဆွေးနွေးရေး ရရှိလာစေရန်လည်းကောင်း၊ ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နိုင်ငံတော်အတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် ကြံစည်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည့် ၈၈ မျိုးဆက်ကျောင်းသားဆိုသူ မင်းကိုနိုင်၊ ကိုကိုကြီးတို့အပါအဝင် ၁၃ဦးကို ဩဂုတ်လ ၂၁ရက်တွင်လည်းကောင်း၊ ကျန် ၈၈ မျိုးဆက် ကျောင်းသားဆိုသူနှစ်ဦးကို ဩဂုတ်လ ၂၅ရက်နှင့် ၂၇ရက်တို့တွင်လည်းကောင်း သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးလျက်ရှိသည်။ မင်းကိုနိုင်၊ ကိုကိုကြီးတို့နှင့်အတူ အကြမ်းဖက်မှုများတွင်လည်းကောင်း၊ အမျိုးသားညီလာခံပျက်ပြားရေးကြိုးပမ်းဆောင်ရွက်မှုများ တွင်လည်းကောင်း အဓိကဦးဆောင်ပါဝင်ခဲ့သည့် ဌေးကြွယ်မှာမူ အနောက်နိုင်ငံကြီးတစ်နိုင်ငံ၏သံရုံးမှ အကာအကွယ် ပေး၍ လုံခြုံသည့်နေရာတွင် ဝှက်ထားသဖြင့် ဖမ်းဆီးရမိခြင်းမရှိသေးဘဲ လွတ်မြောက်နေလျက်ရှိကြောင်း သိရသည်။

● **ကျောဖုံးမှ**

မင်းကိုနိုင်ပါ ၁၅ဦးအားခေါ်ယူစဉ် တစ်ပြိုင်တည်း သက်ဆိုင်ရာက ၎င်းတို့၏နေအိမ်များကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့အသုံးပြုခဲ့သည့် လက်ကိုင်ဖုန်းများ၊ ကွန်ပျူတာများအပါအဝင် စီဒီပြား ၅၀၀ကျော်နှင့် စာရွက်စာတမ်းအမြောက်အမြားကို အထောက်အထားများဖြင့် သိမ်းဆည်းရမိခဲ့သည်။

ဆူပူအုံကြွမှုများဖြစ်ပွားအောင်လှုံ့ဆော်

၈၈မျိုးဆက် ကျောင်းသားဆိုသောအဖွဲ့၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်တွင် တပ်မတော်က အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းပြီး နိုင်ငံတော်တာဝန်ကို ယူလိုက်သည့်အချိန်မှစ၍ မင်းကိုနိုင်၊ ကိုကိုကြီးနှင့် မိုးသီးဇွန်တို့ ဦးဆောင်ဖွဲ့စည်းခဲ့သည့် ဗကသသည် နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်နိုင်ရေးအတွက် (၁) တစ်ဝက်တစ်ပျက်မြေအောက်ယူဂျီလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (၂) တရားဝင် နိုင်ငံရေးပါတီဖွဲ့စည်းလှုပ်ရှားရန်နှင့် (၃) လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ရန်

ဗုဒ္ဓစွယ်တော်မြတ်အပူဇော်ခံစဉ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် ပြည်သူအများသေကျေဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ABSDFအကြမ်းဖက်သောင်းကျန်းသူအဖွဲ့၊ NCUBနှင့် FTUBမှ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်၊ DPNSမှ အောင်မိုးဇော်၊ NLD(LA)မှ တင်ဦးနှင့် လွှမ်းနီတို့ အပါအဝင် အကြမ်းဖက်အဖွဲ့များဖြစ်သည့် NCGUB, ALP(Arakan Liberation Party)၊ DAB (Democratic Alliance of Burma) စသည့် အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်တို့သည် ၂၀၀၅ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ရန် ညှိနှိုင်းစီမံ၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သည်။ ထိုလုပ်ငန်းအတွက် အင်အားကြီးနိုင်ငံတစ်ခု၏ ကမ္ဘာကျော်အဖွဲ့ကြီးတစ်ခုက NCGUBမှတစ်ဆင့် အမေရိကန် ဒေါ်လာတစ်သိန်းကို ဒုက္ခသည်များပံ့ပိုးကူညီငွေခေါင်းစဉ်ဖြင့် ပေးအပ်ခဲ့သည်။ ထိုသို့ စီမံလေ့ကျင့်ပြီး ABSDF မှ အကြမ်းဖက်သမားများသည် ၇-၅-၂၀၀၅ ရက် မွန်းလွဲ ၂နာရီ မိနစ် ၅၀ ခန့်တွင် ထိုင်းကုန်စည်ပြပွဲကျင်းပရာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင်လည်းကောင်း၊ မွန်းလွဲ ၂နာရီ ၅၅မိနစ်တွင် မရမ်းကုန်းမြို့နယ် Junction 8 စင်တာတွင်လည်းကောင်း၊ မွန်းလွဲ ၃နာရီတွင် စမ်းချောင်းမြို့နယ်

နိုင်ငံတော်အစိုးရသည် ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖွဲ့များ၏ နှောင့်ယှက်အကြမ်းဖက်မှုများကို ရင်ဆိုင်ကျော်လွှားလျက် ပြည်သူတို့လိုလားသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအလေးထားကြိုးပမ်းခဲ့

ဟူသည့် လုပ်ငန်းစဉ်(၃)ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ ထိုလုပ်ငန်းစဉ်(၃)ရပ်အတိုင်း လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ရန်အတွက် ထိုစဉ်က ထွန်းအောင်ကျော်နှင့် နိုင်အောင်တို့ ဦးစီးသော ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထို့အတူ မြေပေါ်နိုင်ငံရေး ဆောင်ရွက်ရန်အတွက် ထိုစဉ်က မိုးသီးဇွန်ဦးစီးသော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)ကို ဖွဲ့စည်းလုပ်ဆောင်ခဲ့ပြီး မင်းကိုနိုင်၊ ကိုကိုကြီး၊ အောင်ဒင်စသည့်သူများကမူ ထိုစဉ်ကပင် တစ်ဝက်တစ်ပျက် မြေအောက်ယူဂျီလုပ်ငန်းများဖြင့် ဆူပူအုံကြွမှုများဖြစ်ပွားအောင် စည်းရုံးလှုံ့ဆော်လှုပ်ရှားခဲ့ကြသည်။ ထို့ကြောင့် ၁၉၈၉ခုနှစ်တွင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် အောင်ဒင်တို့ကို ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခဲ့ရသည်။ မိုးသီးဇွန်ဦးဆောင်သည့် DPNS ပါတီသည်လည်း ၎င်းတို့၏လုပ်ငန်းစဉ်(၃)ရပ်အတိုင်း အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ ဗကပယူဂျီများနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့ကြောင့် ၆-၁၂-၁၉၉၁ရက်တွင် တရားဝင်နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ခြင်းခံခဲ့ရသည်။ ထိုအခါ DPNSပါတီဝင်အချို့သည် နိုင်ငံတော်အား ဆက်လက်ဆန့်ကျင်တိုက်ခိုက်ရန် တောခိုသွားခဲ့ကြပြီး ၂၅-၅-၁၉၉၄ရက်တွင် နယ်စပ်ဒေသ၌ DPNS အမည်ဖြင့်ပင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ကို ဖွဲ့စည်းဆန့်ကျင်လှုပ်ရှားခဲ့သည်။

မင်းကိုနိုင်၊ ကိုကိုကြီးတို့နှင့်အတူ ပြစ်ဒဏ်ကျခံခဲ့ရသည့် အောင်ဒင်သည် ၇-၇-၁၉၉၃ရက်တွင် ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်ပြီး ကျောင်းဆက်တက်ခွင့်ရရေး အသနားခံစာတင်သွင်းခဲ့သည့်အတွက် သက်ဆိုင်ရာက လိုက်လျောခွင့်ပြုခဲ့သဖြင့် ၁၉၉၄ခုနှစ်တွင် စက်မှုအင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ထို့နောက် စင်ကာပူတွင် အလုပ်လုပ်ခွင့်ပြုရန် ထပ်မံအသနားခံခဲ့သဖြင့် သက်ဆိုင်ရာက သဘောထားကြီးကြီးထား၍ ခွင့်ပြုပေးခဲ့ရာ အောင်ဒင်သည် စင်ကာပူမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ယခုအခါ အောင်ဒင်သည် အမေရိကန်ရောက် ပြည်ပြေးများဖြင့်ဖွဲ့စည်းထားသည့် US Campaign for Burma တွင် ဒါရိုက်တာလုပ်ပြီး နိုင်ငံတော်အား ဆန့်ကျင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းရှိ မင်းကိုနိုင်၊ ကိုကိုကြီးတို့နှင့်ဆက်သွယ်၍ နိုင်ငံတော်အစိုးရအား ဆန့်ကျင်ရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ပြည်တွင်းမှ မဟုတ်မမှန်သတင်းများ ရယူစုဆောင်းပြီး နိုင်ငံတကာက ထင်ယောင်ထင်မှားဖြစ်အောင် သတင်းဖြန့်ချိခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့အတူ မင်းကိုနိုင်၊ ကိုကိုကြီးတို့နှင့် ဗကသတွင် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သည့် ဘိုကြည်သည်လည်း အခြားပြည်ပြေးများနှင့် ပူးပေါင်းပြီး တစ်ဖက်နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)ကို ဖွဲ့စည်းလျက် မင်းကိုနိုင်၊ ကိုကိုကြီးတို့နှင့် မပြတ်ဆက်သွယ်၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို နှောင့်ယှက်ဖျက်ဆီးသည့်အဖျက်လုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများပို့ချခဲ့

၈၈ မျိုးဆက် ကျောင်းသားဆိုသူအဖွဲ့နှင့် ဆက်နွှယ်လျက်ရှိသည့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ၂၅-၁၂-၁၉၉၆ရက်နေ့ မြန်မာနိုင်ငံ မဟာပါသာဏလိုဏ်ဂူတော်၌

ဒဂုံစင်တာတွင်လည်းကောင်း ချိန်ကိုက်ဗုံးများ ဖောက်ခွဲခဲ့ပါသည်။ ဤသို့ ရက်စက်ယုတ်မာစွာ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရဟန်းရှင်လူ ၂၃ဦး သေဆုံးပြီး ၁၆၂ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ထိုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့(NCGUB)၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(FTUB)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)(NLD-LA) တို့ကို ၁၂-၄-၂၀၀၆ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်အမှတ်(၁/၂၀၀၆)ဖြင့် အကြမ်းဖက်သူများအဖြစ် ကြေညာခဲ့ပြီးဖြစ်သည်။

အလေးထားကြိုးပမ်းအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရသည် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့များ၏ နည်းမျိုးစုံဖြင့် နှောင့်ယှက်အကြမ်းဖက် တိုက်ခိုက်ဆန့်ကျင်မှုများကို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ကျော်လွှားလျက် ပြည်သူတို့လိုလားသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပေါ်လာရေးတို့ကို အစဉ်တစိုက်အလေးထား ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထိုသို့ အလေးထားကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ယနေ့အချိန်တွင် မည်သည့်ခေတ်ကာလနှင့်မျှ မယှဉ်သာအောင် အောင်မြင်မှုများ တိုးတက်ဖြစ်ထွန်းရရှိနေပြီ ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးပြီး ပြည်သူ့ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အောင်မြင်စွာ တည်ဆောက်ဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။

ဤကဲ့သို့အခြေအနေကောင်းများဖြစ်ထွန်းလာနေချိန်တွင် ပြည်တွင်းပြည်ပရှိ အဆိုးမြင်ဆန့်ကျင်ဘက် အဖွဲ့များက ဖြတ်လမ်းမှနေ၍ အာဏာရယူနိုင်ရေး၊ ၉၀ ပြည့်နှစ်ရလဒ်ကို အသေဆုပ်ကိုင်ထားနိုင်ရေးတို့အတွက် အမျိုးသားညီလာခံ ပျက်ပြားသွားစေရန်၊ တိုင်းပြည်မတည်မငြိမ်ဖြစ်ပြီး ၈၈ အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုမျိုး ထပ်မံဖြစ်ပေါ်လာ စေရန် နည်းလမ်းမျိုးစုံဖြင့် ဖန်တီးကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများအနေဖြင့် (၁)အမျိုးသားညီလာခံပျက်ပြားစေရန် ဆန့်ကျင်တိုက်ဖျက်ရေး၊ (၂) ၈၈ အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ထပ်မံဖြစ်ပေါ်လာအောင် နည်းလမ်းမျိုးစုံသုံး၍ ဖန်တီးဆောင်ရွက်ရေး၊ (၃) ဖောက်ခွဲဖျက်ဆီးမှုများအပါအဝင် ပြည်တွင်းပြည်ပဆန့်ကျင်လှုပ်ရှားမှု အမျိုးမျိုးလုပ်ဆောင်ရေးဟူသည့် လုပ်ငန်းစဉ်(၃)ရပ်ချမှတ် ဆောင်ရွက်လာခဲ့ကြသည်။

အမာခံများသွတ်သွင်းမွေးမြူ

ထိုလုပ်ငန်းစဉ်များနှင့်အညီ ပြည်ပြေးအကြမ်းဖက်သမားများနှင့် လက်ကျန်အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသားကောင်စီ NCUBကလည်း ဗကပယူဂျီလက်ကျန်များ

နှင့် ပေါင်းပြီး ဗကပများ ရေးဆွဲထားသည့် လူထုတိုက်ပွဲစီမံချက်ကို အကောင်အထည်ဖော်ရန် ဗဟိုလူထုတိုက်ပွဲကော်မတီကို ဖွဲ့စည်းလှုပ်ရှားလာခဲ့သည်။ ၎င်းကော်မတီ၏လက်အောက်တွင် ပြည်တွင်းယူဂျီများဖြင့် ဥပဒေတွင်းလူထုတိုက်ပွဲကော်မတီဆိုသည်ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါဥပဒေတွင်း လူထုတိုက်ပွဲကော်မတီတွင် ၈၈မျိုးဆက်ကျောင်းသားဆိုသူများ၊ CRPPအဖွဲ့ဝင် အချို့နှင့် NLDပါတီဝင်အချို့လည်း ပါဝင်ပြီး ၎င်းတို့သည် သံဃာတော်များ၊ တက္ကသိုလ်ကောလိပ်ကျောင်းသားများ၊ အလုပ်သမားများအတွင်း၌ အမာခံများ သွတ်သွင်းမွေးမြူလျက် ဆူပူအုံကြွမှုနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုလုပ်ရပ်များဖြစ်ပွားအောင် ဖန်တီးလုပ်ဆောင်နေကြသည်။ ထိုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် AAPPမှ ဘိုကြည်သည် ရန်ပုံငွေများ ရှာဖွေကာ ငွေကျပ်သိန်း၂၅၀ကို ၂၀၀၆ခုနှစ် ဧပြီလဒုတိယပတ်အတွင်း အနောက်နိုင်ငံသံရုံးတစ်ရုံးမှတစ်ဆင့် မင်းကိုနိုင်ခေါင်းဆောင်သည့် ၈၈မျိုးဆက်ကျောင်းသားအဖွဲ့ထံပေးပို့ခဲ့သည်။ ထို့အတူ ၁၄-၈-၂၀၀၆ရက်တွင်လည်း အမေရိကန်နိုင်ငံရှိ NGOအဖွဲ့တစ်ခုက ဌေးကြွယ်အား အနောက်နိုင်ငံ သံရုံးတစ်ရုံးမှတစ်ဆင့် ဒေါ်လာသုံးသောင်းပေးပို့ခဲ့သည်။ အမေရိကန်ရောက် ဗကသဟောင်းများနှင့် NDD ခင်ဥမ္မာတို့ကလည်း ငွေ၂၅သိန်းပေးပို့ခဲ့သည်။ ထို့အတူ National Endowment for Democracy (NED) အဖွဲ့ကလည်း မြန်မာနိုင်ငံတွင် ပြည်တွင်း မငြိမ်မသက်မှုများဖြစ်ပေါ်စေရေးလုပ်ငန်းစဉ်များ၌ အသုံးပြုရန်အတွက် ၂၀၀၆ခုနှစ်အတွင်း ဒေါ်လာနှစ်သန်းကိုးသိန်းကျော်ထောက်ပံ့ခဲ့ပြီး ၎င်းအနက် ဒေါ်လာရှစ်သိန်းကျော်ကို ပြည်တွင်းရှိ အဆိုးမြင်အဖွဲ့များသို့ ပေးပို့ထောက်ပံ့ခဲ့သည်။

ဖော်ထုတ်သိရှိရ

ထို့အပြင် အမေရိကန်နိုင်ငံရောက် ABSDF အကြမ်းဖက်အဖွဲ့မှ ညီညီအောင်ဆိုသူသည် မြန်မာနိုင်ငံအတွင်းသို့ ခိုးဝင်၍ ၂၀၀၆ခုနှစ် မတ်လတွင် သဃ်န်းကျွန်းမြို့နယ် ABSDF အလင်းဝင် မောင်မောင်သိန်း၏နေအိမ်၌ မင်းဇေယျ၊ ဌေးကြွယ်၊ အောင်မျိုးတင့်တို့နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ၂၀၀၆ခုနှစ် ဇွန်လတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ 7UPစားသောက်ဆိုင်၌ ဌေးကြွယ်၊ အောင်မျိုးတင့်၊ လေးလွင်တို့နှင့် တွေ့ဆုံပြီး ငွေကြေးထောက်ပံ့ရေးအတွက် ဆွေးနွေးကာ ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် ၂၆သိန်း တစ်ကြိမ်နှင့်သိန်း ၂၀တစ်ကြိမ်တို့ကို တရားမဝင်ငွေလွှဲလုပ်ငန်းမှတစ်ဆင့် ထောက်ပံ့ပေးခဲ့သည်။ တစ်ဖန် ညီညီအောင်သည် ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် တောင်ဒဂုံရှိ မင်းဇေယျ၏အိမ်၌ ဌေးကြွယ်၊ အံ့ဘွယ်ကျော်၊ သန်းတင်၊ အောင်မျိုးတင့်တို့နှင့်တွေ့ဆုံကာ လူထုအုံကြွမှုဖန်တီးရေးအတွက် ဆွေးနွေးပြီး "ကျောင်းသားရှိရင် ကျောင်းသားသမဂ္ဂရှိရမယ်"ဆိုသည့် စတစ်ကာ ၅၀ခန့်ပေးခဲ့ခြင်း၊ ၂၀၀၇ခုနှစ် ဧပြီလတွင် မင်းဇေယျအိမ်၌ပင် ဌေးကြွယ်၊ အံ့ဘွယ်ကျော်၊ လှမျိုးနောင်၊ သန်းတင်(ခ)ကြီးသန်းတို့နှင့် တွေ့ဆုံပြီး ဆူပူရေးလမ်းစဉ်များ ချမှတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် ညီညီအောင်သည် ၂၀၀၇ခုနှစ် ဇူလိုင်လတွင် ၃၉လမ်းရှိ ၎င်းတို့၏ လျှို့ဝှက်ရုံးခန်းတွင် မင်းဇေယျ၊ ဌေးကြွယ်၊ အံ့ဘွယ်ကျော်တို့နှင့် ထပ်မံတွေ့ဆုံကာ ငွေကျပ်သုံးသိန်းပေးပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများအတွက် ချိတ်ဆက်ပေါင်းစပ်ပေးခဲ့ကြောင်းတို့ကို ဖော်ထုတ်သိရှိရသည်။

၈၈မျိုးဆက်ကျောင်းသားဆိုသူအဖွဲ့ကလည်း ထိုဆူပူအုံကြွမှုနှင့်အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ရာ၌ ပြည်ပရှိ အဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ခုနှစ် နှောင်းပိုင်းတွင် ဇော်ဇော်အောင်(မြောက်ဒဂုံ)နှင့် ဆွေကို(တာမွေ)တို့အား ထိုင်း-မြန်မာနယ်စပ်သို့ စေလွှတ်ခဲ့သည်။ သို့ရာတွင် လုပ်ငန်းများအောင်မြင်မှု မရှိခဲ့သဖြင့် ၂၆-၅-၂၀၀၇ရက်တွင် မင်းကိုနိုင်၊ ကိုကိုကြီးတို့က ၎င်းတို့အဖွဲ့မှ နေတင်မြင့်(ခ)နေဝင်းအား ထပ်မံစေလွှတ်ခဲ့ရာ ၂၉-၅-၂၀၀၇ရက်တွင် မဲဆောက်သို့ရောက်ရှိခဲ့ပြီး ပြည်ပရှိ အကြမ်းဖက်အဖွဲ့များနှင့် ချိတ်ဆက်ကာ အကြမ်းဖက်မှု၊ ဆန့်ကျင်လှုပ်ရှားမှုများကို ပူးပေါင်းလုပ်ဆောင်လာခဲ့သည်။

ထိုလှုပ်ရှားမှုများနှင့် အချိန်ကိုက်၍ ၈၈မျိုးဆက်ကျောင်းသားဆိုသူအဖွဲ့သည် အမျိုးသားညီလာခံ ပျက်ပြားစေရန်နှင့် နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားပြီး လူထုအုံကြွမှုများပေါ်ပေါက်လာစေရန်အတွက် လက်မှတ်ရေးထိုးသည့် လှုပ်ရှားမှု၊ အဖြူရောင်လှုပ်ရှားမှု၊ ဝတ်ပြုဆုတောင်းပွဲလှုပ်ရှားမှုနှင့်အဖြူရောင် တနင်္ဂနွေလှုပ်ရှားမှုစသည်ဖြင့် လှုပ်ရှားမှုအမျိုးမျိုးဖြင့် ပြည်သူလူထုအား သွေးထိုးဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

လုံခြုံရေးကို ပြည်သူနှင့်လက်တွဲစီမံကာကွယ်နိုင်

တစ်ဖက်မှလည်း ABSDFအကြမ်းဖက် အဖွဲ့သည် အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းနှင့် ရန်ကုန်မြို့တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၎င်းတို့၏အဖွဲ့ဝင် မကြည်ပြာလင်းနှင့် မစိုးလင်းခိုင်တို့နှစ်ဦးအား ၃-၇-၂၀၀၇ ရက်တွင် မဲဆောက်မှတစ်ဆင့် ပြည်တွင်းသို့စေလွှတ်ခဲ့သည်။ ၄-၇-၂၀၀၇ ရက်တွင် ဘားအံသို့ရောက်ရှိပြီး ၎င်းမှတစ်ဆင့် ရန်ကုန်သို့ထွက်ခွာကာ 7 July၊ အာဇာနည်နေ့နှင့် အမျိုးသားညီလာခံ ကျင်းပချိန်များတွင် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ပြည်ပရှိ ၈၈ မျိုးဆက် ကျောင်းသားအမည်ခံ အဖွဲ့ကလည်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန် ၎င်းတို့အဖွဲ့ဝင် အောင်ကိုနိုင်အား ၁၄-၇-၂၀၀၇ရက်တွင် စေလွှတ်ခဲ့ရာ ၁၅-၇-၂၀၀၇ရက်တွင် ထိုင်း-မြန်မာနယ်စပ် မဲဆရီယန်းသို့ ရောက်ရှိပြီး ပြည်တွင်းသို့ လွိုင်ကော်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့ကြောင်းသိရသည်။ အောင်ကိုနိုင်သည် ကြိုတင်ရောက်ရှိ နေသော မကြည်ပြာလင်း၊ မစိုးလင်းခိုင်တို့နှင့်ဆက်သွယ်ကာ အမျိုးသားညီလာခံကျင်းပနေချိန်တွင် ညီလာခံအစည်း အဝေးကျင်းပသည့်နေရာနှင့် ကိုယ်စားလှယ်များနေထိုင်သည့် အိပ်ဆောင်များကို ဖောက်ခွဲဖျက်ဆီးရန် စီစဉ်ခဲ့သည်။ အချို့သော သံရုံးကြီးများက ထိုသတင်းကို ကြိုတင်သိရှိကြသဖြင့် ၎င်းတို့၏ သံရုံးဝန်ထမ်းများနှင့် နိုင်ငံသားများကို ထိုရက်များတွင် အပြင်သို့သွားလာခြင်းမပြုရန်နှင့် အထူးသတိထားရန် သတိပေးမှုများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ သို့သော် တာဝန်ရှိသူများက ၎င်းဖောက်ခွဲမည့်သတင်းများကို အသေးစိတ်ကြိုတင်ရရှိပြီး လုံခြုံရေးကို ပြည်သူနှင့် လက်တွဲ၍ ကြပ်ကြပ်မတ်မတ် စီမံကာကွယ်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အကြမ်းဖက်အဖွဲ့များအနေဖြင့် ဖောက်ခွဲရေးလုပ်ငန်းများအား လုံးဝဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

ထိုသို့ ဖောက်ခွဲနိုင်ခြင်းမရှိသည့်အတွက် ၂၁-၈-၂၀၀၇ရက်နေ့ ည၁၀နာရီအချိန်ခန့်တွင် ထိုင်းနိုင်ငံ ကံဖယ်မြို့ အစွန်ရှိ နေအိမ်တစ်အိမ်၌ FTUBမှ ပြည်သစ်ညွန့်ဝေ၊ BVSWနှင့် ABSDFမှ အဖွဲ့ဝင်များ တွေ့ဆုံစည်းဝေး၍ မြန်မာပြည်တွင်း နေရာအနှံ့ဖောက်ခွဲရေးလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင် (၆)ဦးမှ(၈)ဦးအထိပါသော ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့ လေးဖွဲ့ဖွဲ့စည်းပြီး ပြည်တွင်းသို့စေလွှတ်ကာ ဖောက်ခွဲဖျက်ဆီးရန် ဆုံးဖြတ်ကြောင်း၊ ထို့အပြင် ၂၁-၈-၂၀၀၇ ရက်နေ့ ညနေ ၃နာရီမှ ၅နာရီခွဲအထိ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ DABရုံးတွင် ABSDF၊ DAB၊ FTUBနှင့် KNUတို့ အစည်းအဝေးပြုလုပ်ခဲ့ရာ NDDမှ သိန်းဝင်းက ချိန်ကိုက်မိုင်းနှစ်လုံး၊ ထိုင်းဘတ်ငွေ ခုနစ်သောင်းငါးထောင်နှင့် ဂြိုဟ်တုဖုန်းတစ်လုံးတို့ကို ခင်သက်မာနှင့် ကြူကြူအောင် တို့အားပေးပြီး ပြည်တွင်းသို့စေလွှတ်ခဲ့ကြောင်း၊ ယခင်ရောက်ရှိပြီးဖြစ်သော မကြည်ပြာလင်း၊ မစိုးလင်းခိုင်တို့အပြင် အခြားယူဂျီများနှင့်ချိတ်ဆက်၍ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် ဆက်လက်ကြိုးပမ်းအားထုတ်မည်ဖြစ်ကြောင်း၊ ထို့အပြင် ABSDFနှင့် NLD(LA) ပူးပေါင်း၍ KNUနှင့် SSA(S) တို့၏ အကူအညီဖြင့် ယူဂျီစောသီဟနှင့် ကျန်တစ်ဦးတို့ကိုစေလွှတ်ပြီး မုဒုံမြို့အနီးခြေကုပ်ယူကာ ပဲခူးမြို့မှ အမာခံများနှင့်ချိတ်ဆက်၍ အရေးကြီးနေရာ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးရန် စီမံကြိုးပမ်းလျက်ရှိကြောင်း အသေးစိတ်သတင်းများရရှိသည်။

ပြည်တွင်းဖောက်ခွဲရေးလုပ်ငန်းများဆွေးနွေးခဲ့

၎င်းအပြင် ၅-၉-၂၀၀၇ရက်နေ့တွင် NCUBအထွေထွေအတွင်းရေးမှူး မောင်မောင် ဦးဆောင်၍ ABSDFဥက္ကဋ္ဌ သံခဲ၊ DPNS ဥက္ကဋ္ဌ အောင်မိုးဇော်တို့ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ ဒေါင်းခွင်စခန်းမှ ဂျပန်နိုင်ငံ တိုကျိုမြို့ NCGUBအဖွဲ့နှင့် သွားရောက်တွေ့ဆုံရန် အစီအစဉ်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အခြေစိုက် VBSW အဖွဲ့မှ ဖောက်ခွဲရေးတာဝန်ခံ ရဲသီဟ(ခ)စန်းနိုင်(ခ)စံလွင်သည် ၆-၉-၂၀၀၇ရက်နေ့တွင် ဒေါင်းခွင်စခန်းသို့ ရောက်ရှိခဲ့ပြီး NCUBအဖွဲ့မှ စစ်ရေးတာဝန်ခံများ၊ ABSDFမှ ဆန်နီ၊ DAB မှ ဒေါက်တာကျော်ညွန့်တို့နှင့်တွေ့ဆုံ၍ ပြည်တွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆွေးနွေးခဲ့ကြောင်း၊ UG စောဂျက်ကော့၊ ABSDF ဒု-ဥက္ကဋ္ဌ မျိုးဝင်းတို့နှင့်အတူ လိုက်ပါ၍ ၇-၉-၂၀၀၇ရက်နေ့တွင် ဒေါင်းခွင်စခန်းမှ မဲဆောက်သို့လာရောက်ရန်စီစဉ်ထားကြောင်း သတင်းများ ရရှိခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝန် ရှိသည့်အလျောက် ပြည်တွင်းပြည်ပရှိ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရန် ပူးပေါင်းစီစဉ် ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုတင်ကာကွယ်တားဆီးသွားမည်ဖြစ်သည့်အပြင် ထိုကဲ့သို့ ရဟန်းရှင်လူ ပြည်သူအပေါင်း ထိခိုက်ဒဏ်ရာရ သေကျေပျက်စီးနိုင်သည့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုကျူးလွန်သူများကို ဖော်ထုတ်၍ တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

သတင်းထုတ်ပြန်ရေးကော်မတီ။

မြောက်ဥက္ကလာပမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)က မြောက်ဥက္ကလာပမြို့နယ် ဂီတအစည်းအရုံး၊ စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက် မွန်းလွဲ ၁နာရီက မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဦးရန်ပိုင်စိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်ဂီတအစည်းအရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ရန်ကင်းသန်းရီလေး၊ အတွင်းရေးမှူး ဂီတမှူး လွှမ်းမိုးအောင်နှင့်အဖွဲ့ဝင် ကိုဦးပါဝင်သော မြို့နယ်ဂီတအစည်းအရုံးစည်းရုံးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။ ထို့နောက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သော ရန်ကင်းဦးသန်းရီလေးက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားတွင် အလှူငွေပေးအပ်ပွဲ ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးသန်းရီလေးက အလှူငွေကျပ် ၅၀၀၀၀၊ ထုတ်လုပ်ဖြန့်ချိမှု ဦးခင်မောင်အေးက အလှူငွေကျပ် ၅၀၀၀၀ နှင့် ဘဏ္ဍာရေးမှူး ဥက္ကလာမြဝင်းက အလှူငွေကျပ် ၃၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မန္တလေးနှင့်စစ်ကိုင်းမြို့များရှိ ဆရာတော်ကြီးများအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၈

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် စက်တင်ဘာ၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းသာကြီးကျောင်းတိုက်သို့သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် မိုးကောင်းကျောင်းတိုက်သို့သွားရောက်၍ မန္တလေးတိုင်း ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာသနာဘိဝံသနှင့် နိုင်ငံတော် သံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ သီလာစာရာဘိဝံသတို့အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် စလေကျောင်းတိုက်သို့သွားရောက်၍ မန္တလေးတိုင်း ဘုန်းတော်ကြီးသင်ပညာရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိဇယအား ဖူးမြော်ကြည်ညိုပြီး ညနေပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)သို့သွားရောက်၍ နာယကချုပ်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတရာဘိဝံသ၊ ဒုတိယနာယကချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉာဏလင်္ကာရာဘိဝံသတို့အား သင်တန်းသားသံဃာတော်များ၏ စာပေသင်ကြားမှုအခြေအနေနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သင်တန်းသား သံဃာတော်များ၏ စာသင်ဆောင်များ၊ ဆွမ်းစားဆောင်နှင့် ဆွမ်းချက်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ဝန်ကြီးသည် စက်တင်ဘာ၄ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ သဒ္ဓမ္မသိတဂူကျောင်းတိုက်သို့သွားရောက်၍ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေသမားကျောင်းသို့သွားရောက်၍ စစ်ကိုင်းတိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရအား ဖူးမြော်ကြည်ညိုပြီး စာပေသင်ကြားမှုအခြေအနေများကို မေးမြန်းလျှောက်ထား၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်

နေပြည်တော် စက်တင်ဘာ ၈

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက်၆နာရီခွဲ တိုင်းထွာချက်များအရ ဟုမ္မလင်းမြို့တွင် ၂၉၈၈စင်တီမီတာ၊ မော်လိုက်မြို့တွင် ၁၃၂၂ စင်တီမီတာနှင့် ကလေးဝမြို့တွင် ၁၆၀၅ စင်တီမီတာသို့ အသီးသီး ရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ် အထက်၌ ဟုမ္မလင်းမြို့တွင် ၈၈ စင်တီမီတာ၊ မော်လိုက်မြို့တွင် ၉၂စင်တီမီတာနှင့် ကလေးဝမြို့တွင် ၅၅ စင်တီမီတာ ကျော်လွန်နေကြသည်။

အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀၊ မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ နှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ဖြူမြို့၌ လေဆင်နှာမောင်းတိုက်ခတ်

ရန်ကုန် စက်တင်ဘာ ၈

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ စက်တင်ဘာ၇ရက် နံနက်၄နာရီ ၁၅မိနစ်ခန့်က လေဆင်နှာမောင်း တစ်ခုဖြစ်ပေါ်ခဲ့ရာ လေဆင်နှာမောင်းသည်တောင်မှ မြောက်သို့ ရွေ့လျားပြီး ကျောက်ဖြူမြို့ပေါ်မှ ဖြတ်သန်း သွားခဲ့ကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကျောက်ဖြူမြို့ပေါ်ရှိ အိမ် ၁၂လုံး၊ ဘုန်းကြီးကျောင်း သုံးကျောင်းတို့တွင် အမိုးအကာများ ပျက်စီးခြင်း၊ မြို့မဈေးဆိုင်ခန်းနှင့် ပြည်သာယာ ဈေးဆိုင်ခန်းအချို့တို့ အမိုးများလန်ခြင်း ဖြစ်ပေါ်ခဲ့ကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်ချိန်မှာ နှစ်မိနစ်ခန့်သာ ကြာမြင့်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စက်တင်ဘာ ၇ရက်က ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်အရ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေး အလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းဆင်းပွဲကို တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်တိုင်း တိုင်းဦးစီးမှူး ဒေါက်တာစိုးဝင်း သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ရေဒီယိုမှထုတ်လွှင့်သော ကိုယ်လက်လေ့ကျင့်ခန်း သံစဉ်များကိုနားဆင်၍ စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်နေကြသည်ကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တစ်နေ့ရေနံစည်နှစ်သိန်းကျ ရေနံချက်စက်ရုံ ဘာရာဇီးလ်၌ စတင်တည်ဆောက်

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၈

ဘာရာဇီးလ်နိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီဖြစ်သော ပက်ထရိုဘာကုမ္ပဏီအနေဖြင့် ဘာရာဇီးလ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အဘာယူအီးလီမာအမည်ရှိ တစ်နေ့ရေနံစည်နှစ်သိန်း ထုတ်လုပ်နိုင်မည့် ရေနံချက်စက်ရုံကို ဩဂုတ် ၄ ရက်က စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

မူလက ပက်ထရိုဘာ ကုမ္ပဏီနှင့် ဗင်နီဇွဲလားအစိုးရပိုင် ပီဒီဗီအက်စ်အေ ကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ရန် ပြုလုပ်ခဲ့ကြသော်လည်း ပျက်ပြယ်သွားခဲ့သည်။

ဘာရာဇီးလ်နိုင်ငံ အနောက်ပိုင်း ဒေသများတွင် ရေနံအစားထိုးလောင်စာများ လိုအပ်မှုများပြားလာခြင်းနှင့် မှာယူမှုများကြောင့် ဒီဇယ်ဆီများကိုလည်း ထုတ်လုပ်မည် ဖြစ်ကြောင်း ပက်ထရိုဘာကုမ္ပဏီ၏ ကြေညာချက်၌ ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လုပ်ကိုင်

ပြီးခဲ့သည့် သီတင်းပတ်မှစတင်ကာ စီမံကိန်းလုပ်ငန်းများအား မိမိတို့သာ ဆက်လက် လုပ်ကိုင်လျက်ရှိကြောင်း ပက်ထရိုဘာကုမ္ပဏီ အကြီးအကဲ ဂျို့စ်ဆာဂိုဂါဘာလီက ပြောကြားသည်။

မျှော်မှန်းထား

အဆိုပါ ရေနံချက်စက်ရုံ တည်ဆောက်မှု ပြီးစီးသွားပါက တစ်နေ့လျှင် ရေနံစည် နှစ်သိန်းနှင့် နှစ်စဉ် နက်ဖက်သလင်း ကုဗမီတာ ၈၁၄၀၀၊ သဘာဝဓာတ်ငွေ့ တန်ချိန် ၃၂၂၀၀၀၊ ဒီဇယ်တန်ချိန် ၈ ဒသမ ၈ သန်း ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ယူရိုစတား ကျည်ဆန်ရထား တစ်စင်းကို စက်တင်ဘာ ၆ရက်က တွေ့ရစဉ်။

(အဆိုပါရထားမှာ ၄၉၂ကီလိုမီတာ ကွာဝေးသော လန်ဒန်မြို့မှ ပါရီမြို့သို့ နှစ်နာရီ သုံးမိနစ်ဖြင့် အရောက်သွားနိုင်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

တရုတ်တည်ဆောက်ရေးလုပ်ငန်းများတွင် သေတ္တာနက်များတပ်ဆင်မည်

ရှန်ဟိုင်း စက်တင်ဘာ ၈

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝန်ချီစက်များတွင် မှတ်တမ်းတင်သေတ္တာနက်များကို စတင်တပ်ဆင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့တပ်ဆင်ခြင်းဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ မတော်တဆဖြစ်ရပ်များကို သိရှိနိုင်မည်ဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

တရုတ်နိုင်ငံအတွင်း မိုင်းတွင်းများ၊ စက်ရုံများနှင့် တည်ဆောက်ရေး လုပ်ငန်းခွင်များ၌ မတော်တဆဖြစ်ရပ်များကြောင့် နှစ်စဉ်သေဆုံးမှု များပြားလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပြုလုပ်ခြင်းသည် လေယာဉ်များပေါ်တွင် မှတ်တမ်းတင် သေတ္တာနက်များတပ်ဆင်ခြင်းကဲ့သို့ဖြစ်ကြောင်း ရှန်ဟိုင်းဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးကော်မတီအရာရှိတစ်ဦးဖြစ်သူ ဆမ်ကျင်ပင်းကပြောကြားသည်ဟု ရှန်ဟိုင်းဒေးလီးသတင်းစာက ဖော်ပြသည်။

ဖြစ်ပွားခဲ့

ရှန်ဟိုင်းမြို့တွင် ယခုနှစ်၌ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် မတော်တဆဖြစ်ရပ် ၁၆ခုဖြစ်ပွားခဲ့ရာ အားလုံးမှာ လူ၏အမှားများကြောင့် ဖြစ်ကြောင်းလည်း အဆိုပါသတင်းစာက ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ

ကဘူးလ် စက်တင်ဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃ရက်၌ ပြောကြားသည်။

သေဆုံး

အဆိုပါပေါက်ကွဲမှုသည် မာရာဝါရာခရိုင်တွင် စက်တင်ဘာ၂ရက်ညက ဖြစ်ပွားခဲ့ကြောင်း၊ စစ်ဆေးရေးအရာရှိခြောက်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူ အဂျမယ်လ်မော့ချ်တာက ဆင်ဟွာသို့ ပြောကြားသည်။

နယ်စပ်မှ နှစ်ကီလိုမီတာအကွာတွင် ဖြစ်ပွားခဲ့သော ယင်းပေါက်ကွဲမှုတွင် အခြားစစ်ဆေးရေး အရာရှိငါးဦးလည်း ဒဏ်ရာရခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစ္စရေးစစ်ရဟတ်ယာဉ်များအား ဟားမတ်စ်တို့ ပစ်ခတ်တိုက်ခိုက်

ဂါဇာ စက်တင်ဘာ ၈

ပါလက်စတိုင်းရှိ ဟားမတ်စ်တို့ အသစ်ဖွဲ့စည်းလိုက်သော ရေတပ် တပ်ဖွဲ့ဝင်များက အစ္စရေးတို့၏ ရဟတ်ယာဉ်နှစ်စင်းကို ပစ်ခတ်တိုက်ထုတ်နိုင်ခဲ့ကြောင်း ဟားမတ်စ်အဖွဲ့က စက်တင်ဘာ ၂ရက်၌ ပြောကြားသည်။

တိုက်ထုတ်နိုင်

အစ္စရေး တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်းကို မိမိတို့ရေတပ် တပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ထုတ်နိုင်ခဲ့ကြောင်း၊ ယင်းမှာ မိမိတို့ ရေတပ်ဖွဲ့ဝင်များက အစ္စရေးစစ်ရဟတ်ယာဉ်များကို ပထမဆုံးတိုက်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဟားမတ်စ်က ပြောကြားသည်။

အစ္စရေး ရဟတ်ယာဉ်များက ပြန်လည်ပစ်ခတ်ခဲ့သော်လည်း မိမိတို့တပ်ဖွဲ့ဝင်များက ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း၊ ဖြစ်ပွားမှုမှာ ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်း ဒီအီရာအယ်ဘာလက်မြို့အနီးတွင် ဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အေပက်အစည်းအဝေးတက်ရန်လာသူ ဘုရှ်အား ဩစတြေးလျပြည်သူတို့ ကန့်ကွက်

ဆစ်ဒနီ စက်တင်ဘာ ၈

အာရှနှင့် ပစိဖိတ်ခေါင်းဆောင် ၂၁ဦးတို့၏ အေပက်ထိပ်သီးအစည်းအဝေးတက်ရောက်ရန် လာရောက်သည့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ဩစတြေးလျနိုင်ငံသို့ မရောက်မီနာရီပိုင်းအတွင်းတွင် စက်တင်ဘာ ၄ ရက်က ဆစ်ဒနီမြို့၌ ကန့်ကွက်ဆန္ဒပြမှု တစ်ခုဖြစ်ပွားခဲ့သည်။ (အောက်ပုံ)

ဆန္ဒပြသမား ၁၀၀ခန့်က "မစ္စတာဘုရှ် အိမ်ပြန်ပါ၊ အီရတ်မှ အမေရိကန်တပ်များကို ရုပ်သိမ်းပေး၊ တက္ကဆက်သို့ ယခု ပြန်သွား" စသည့် ကြွေးကြော်သံများကို ကြွေးကြော်ဆန္ဒပြကြရာ ဆစ်ဒနီမြို့အဓိကရ ဘူတာရုံအပြင်ဘက်တွင် ထိုကြွေးကြော်သံများ ဆူညံသွားသည်။

လက်ပိုက်ကြည့်မနေနိုင်

ဆန္ဒပြသမားများအား ရဲတပ်ဖွဲ့ဝင်များကဝိုင်းထားပြီး ဓာတ်ပုံများရိုက်ယူခဲ့သည်။ ဆန္ဒပြသမားများသည် အီရတ်စစ်ဆန့်ကျင်ရေးနှင့် သမ္မတဘုရှ်ဆန့်ကျင်ရေး ပိုစတာများကိုလည်း ကိုင်ဆောင်ဆန္ဒပြသည်။ ဂျော့ဘုရှ်လို စစ်သွေးဆာသူတစ်ဦး မိမိတို့နိုင်ငံသို့ လာရောက်သည်ကို မိမိတို့ လက်ပိုက်ကြည့်မနေနိုင်ကြောင်း ဆန္ဒပြမှုစည်းရုံးလှုံ့ဆော်သူ အလက်ဘိန်းဘရစ်က ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ရုရှား၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

မော်စကို စက်တင်ဘာ ၈

ရုရှားနိုင်ငံ တောင်ပိုင်းရှိ မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်အကောင် ၄၁၀သေဆုံးခဲ့ခြင်းကြောင့် ယခုနှစ်၌ H_5N_1 ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှု သုံးကြိမ်ရှိပြီဖြစ်ကြောင်း၊သို့သော်လည်း ဖြစ်ထွန်းနေသော မွေးမြူရေးကဏ္ဍတွင် အထိတ်တလန့်ဖြစ်မှုကို ကြံ့ကြံ့ခံနိုင်ရန် အားကြိုးမာန်တက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရုရှားက စက်တင်ဘာ ၄ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

အတည်ပြု

ရောဂါဖြစ်ပွားရာ ကရက်စ်နိုဒါဒေသရှိ မွေးမြူရေးခြံတွင် သေဆုံးသည့် ကြက်၊ငှက်များတွင် H_5N_1 ဗိုင်းရပ်စ်ရှိသည်ဟု ဒေသဆိုင်ရာ ဓာတ်ခွဲခန်းက အတည်ပြုခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းအသင်းက စင်ကာပူကိုရှစ်ဂိုးပြတ်သွင်း မြန်မာအသင်းက လာအိုကိုခုနစ်ဂိုးပြတ်အနိုင်ယူ

ထိုင်းနှင့်မြန်မာ အုပ်စုပထမနေရာလုကြရမည်

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်၌ ထိုင်းအမျိုးသမီးဘောလုံးအသင်းက စင်ကာပူအမျိုးသမီးဘောလုံးအသင်းကို ရှစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်၌ မြန်မာအမျိုးသမီးဘောလုံးအသင်းက လာအိုအမျိုးသမီးဘောလုံးအသင်းကို ခုနစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

တည်တည်ငြိမ်ငြိမ်

မြန်မာအသင်းသည် ပွဲအစပိုင်း၌ ဂိုးရစိတ်များပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှုလွဲနေ၍ နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် တည်တည်ငြိမ်ငြိမ်ဖြင့်ကစားပြီး ကစားကွက်ဖော်နိုင်သဖြင့် ကစားကွက်ပီပြင်လာသကဲ့သို့ ငါးဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ပထမဂိုးကို ပွဲစပြီး ရှစ်မိနစ်အကြာတွင် တိုက်စစ်မှူး မိုင်နီလာထွေးက သွင်းယူပေးသည်။

မြန်မာအသင်းအတွက် ဒုတိယဂိုးကို အလယ်တန်းလူ အေးနန္ဒာလှိုင်က ပွဲချိန် ၂၆မိနစ်တွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့် တိုက်ရိုက်ကန်သွင်းယူသည်။ တတိယဂိုးကိုလည်း ပွဲချိန် ၅၃ မိနစ်တွင် အေးနန္ဒာလှိုင်ကပင် အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အလယ်တန်းလူ အေးနန္ဒာလှိုင်သည် ပွဲချိန် ၈၅ မိနစ်တွင် မြန်မာအသင်းအတွက် သတ္တမဂိုးကို သွင်းယူပေးခဲ့ရာ တစ်ဦးတည်း သုံးဂိုးသွင်းယူပေးပြီး ဟက်ထရစ်ဂိုးသွင်းသူဖြစ်သွားသည်။

သွင်းယူ

မြန်မာအသင်းအတွက် စတုတ္ထဂိုးနှင့်ပဉ္စမဂိုးကို ပွဲချိန် မိနစ် ၆၀နှင့် ၇၁မိနစ်တို့တွင် ခင်မာလာထွန်းက သွင်းယူပေးသည်။ မြန်မာအသင်းအတွက် ဆဋ္ဌမဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် ဒုတိယပိုင်း၌ ဇင်မာဝမ်းအစား လူစားဝင်ကစားသည့် မာဂရက်မေရီက သွင်းယူပေးသည်။

တက်လှမ်းသွားကြ

အုပ်စု(ခ) ဒုတိယပွဲစဉ်များ ယှဉ်ပြိုင်အပြီးတွင် ထိုင်းအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ မြန်မာအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အကြိုဗိုလ်လုပွဲစဉ်သို့ တက်လှမ်းသွားကြပြီဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် နှစ်ပွဲနိုင် ခြောက်မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်တွင် ထိုင်းအသင်းက အသားတင် ဂိုး ၂၀ဖြင့် အသာစီးရလျက်ရှိသည်။ မြန်မာနှင့် ထိုင်းအသင်းတို့၏ အုပ်စုနောက်ဆုံးပွဲစဉ်တွင် သရေပွဲဖြစ်ခဲ့ပါက ထိုင်းအသင်း အုပ်စုပထမရပြီး မြန်မာအသင်း အုပ်စုဒုတိယသာရမည်ဖြစ်သည်။

ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြချုပ်များ၏ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ ပြည်တွင်းပြည်ပမှ စာနယ်ဇင်းသမားများ တက်ရောက်ခဲ့ကြသည်။

ကြံ့ခိုင်မှုကောင်း

ရှေးဦးစွာ လာအိုအသင်းနည်းပြချုပ် Veungsavanh Sivisayက "ကျွန်တော်တို့အသင်းက အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရည်ရွယ်ပြီး ကြိုတင်ပြင်ဆင်နေတာပါ။ ကစားသမားတွေကို လေ့ကျင့်ပေးဖို့ အများကြီးလိုနေပါတယ်။ ဒီနေ့ပွဲကို အနိုင်ရဖို့လဲ မမျှော်လင့်ခဲ့ပါဘူး။ ကျွန်တော်တို့ကစားသမားတွေ ခံစစ်ကစားတာကို မကျွမ်းကျင်လို့ ဂိုးပြတ်ရှုံးခဲ့ရတာပါ။ ကျွန်တော်တို့ ကစားသမားတွေဟာ အားလုံးမြင်တွေ့ကြတဲ့အတိုင်း ငယ်ရွယ်ကြသူတွေဖြစ်ပါတယ်။ မြန်မာအသင်းက ကစားသမားတွေဟာ ကြံ့ခိုင်မှုကောင်းကြပါတယ်။ မြန်မာအသင်းက အေးနန္ဒာလှိုင် (၁၁)နဲ့ သန်းသန်းထွေး(၇)တို့ကို အကြိုက်ဆုံး ဖြစ်ပါတယ်။ သူတို့ကို ဘယ်လိုမှ လူကပ်ကစားလို့မရပါဘူး။ သူတို့နှစ်ဦးဟာ ဘောလုံးကျွမ်းကျင်မှုအပိုင်းမှာ အထူးကောင်းမွန်ကြသူတွေပါ" ဟု ပြောကြားသည်။

ပြင်ဆင်ထား

ဆက်လက်၍ မြန်မာအသင်း နည်းပြချုပ် ဦးအေးကျူကြီးကလည်း "ပထမပိုင်းမှာ ကျွန်တော်တို့ကစားသမားတွေ ဆန္ဒစောပြီး ကစားကွက်ပျက်ကာ မတည်ငြိမ်ဘဲဖြစ်ခဲ့ပါတယ်။ ဂိုးရလိုစိတ်များပြီး တိုက်စစ်ကို အမြန်သွားချင်နေတဲ့အတွက် အပေးအယူတွေမှားခဲ့တာပါ။ ဒုတိယပိုင်းမှာတော့ ကစားကွက်အများကြီးတိုးတက်လာလို့ ဂိုးတွေလဲ များများသွင်းနိုင်ခဲ့တာပါ။ အမာခံကစားသမားအချို့ကို ဒီပွဲမှာအနားပေးဖို့ ရည်ရွယ်ခဲ့ပေမယ့် ပွဲဦးထွက်မှာ စိတ်ကြိုက်မရခဲ့လို့ ဒီနေ့ပွဲမှာ လူစုံထုတ်သုံးခဲ့ရခြင်းဖြစ်ပါတယ်။ ထိုင်းအသင်းနဲ့အုပ်စု နောက်ဆုံးပွဲအတွက် ဒီပြိုင်ပွဲမတိုင်မီကပဲ ကြိုတင်ပြင်ဆင်ထားပါတယ်။ အုပ်စုပထမရဖို့အတွက် အနိုင်ကစားမှာပါ။ အဝါကတ်ထိထားကြတဲ့ အမာခံကစားသမားတွေ သုံးသင့် မသုံးသင့်ကို စဉ်းစားထားပြီးသားပါ" ဟု ပြောကြားသည်။

လာအိုအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရရှိသွားသော မြန်မာအမျိုးသမီး ဘောလုံးအသင်းတွင် **(ဂိုး)**မေခင်ယမင်း၊ **(နောက်တန်း)** စန်းစန်းသိန်း၊ စန်းစန်းမော်(အသင်းခေါင်းဆောင်)၊ မိုးမိုးဝါ(ငြိမ်းငြိမ်းအိ)၊ စုစုဝေ(မြင့်မြင့်အေး)၊ **(အလယ်တန်း)** သန်းသန်းထွေး၊ စန်းယုနိုင်၊ ခင်မာလာထွန်း၊ အေးနန္ဒာလှိုင်၊ **(ရှေ့တန်း)** မိုင်နီလာထွေး၊ ဇင်မာဝမ်း(မာဂရက်မေရီ)တို့ ပါဝင်ကစားခဲ့ကြသည်။

ယနေ့ပွဲ

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို စက်တင်ဘာ ၉ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် ညနေ ၃နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် ညနေ၅နာရီ၄၅မိနစ်တွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း ကြိုတင်သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၈ - ၉ - ၂၀၀၇

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ဗိုလ်လုပွဲစဉ်များ ယနေ့ယှဉ်ပြိုင်ထိုးသတ်မည်

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co., Ltd.)၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၀၇ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၉ရက် **(ယနေ့)**မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ကီလိုတန်းအလိုက် ဗိုလ်လုပွဲစဉ်များအဖြစ် ကီလိုတန်း၁၀တန်း၌ ရိုးရာလက်ဝှေ့ကျော်၂၀တို့က ရိုးရာလက်ဝှေ့ပွဲ ၁၀ပွဲကို ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ ရိုးရာလက်ဝှေ့ အားကစားဝါသနာရှင်များ တဝကြီး ရှုစားအားပေးကြရမည်ဖြစ်သည်။

ယှဉ်ပြိုင်ထိုးသတ်မည်

ဗိုလ်လုပွဲစဉ်များအဖြစ် ၄၈ကီလိုလိုက်ဖလိုင်းဝိတ်တန်း၌ အောင်စစ်မင်း(မျိုးဆက်သစ်)နှင့် စိုးမိုးဟိန်း (နှစ်ရှည်ဥယျာဉ်ခြံ)၊ ၅၁ကီလို ဖလိုင်းဝိတ်တန်း၌ ခိုင်လင်း(တောင်ကလေး)နှင့် ရွှေကျည်ဆံ(ဘိလပ်မြေစက်ရုံ)၊ ၅၄ကီလို ဘင်တန်ဝိတ်တန်း၌ အသည်းစွဲ(နှစ်ရှည်ဥယျာဉ်ခြံ)နှင့် စစ်သွေး(ဘိလပ်မြေစက်ရုံ)၊ ၅၇ကီလိုဖယ်သာဝိတ်တန်း၌ စွမ်းအားရှင်(နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ရွှေထွန်းယုံ(ဘိလပ်မြေစက်ရုံ)၊ ကီလို၆၀ လိုက်ဝိတ်တန်း၌ တွေ့မရှောင်(K.L.N)နှင့် သတ္တိအောင်(တောင်ကလေး)၊ ၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာဝိတ်တန်း၌ ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)နှင့် အောင်ဇေယျ(ဘိလပ်မြေစက်ရုံ)၊ ၆၇ကီလို ဝယ်လ်တာဝိတ်တန်း၌ သူရရဲအောင်(မြန်မာပြည်သား)နှင့် အောင်သူရ(မြို့တော်စည်ပင်)၊ ၇၁ကီလိုလိုက်မစ်ဒယ်ဝိတ်တန်း၌ မြလေးနွယ်(တောင်ကလေး)နှင့် ဘိလပ်မြေစတား(ဘိလပ်မြေစက်ရုံ)၊ ၇၅ကီလိုမစ်ဒယ်ဝိတ်တန်း၌ ကျားရိုင်း(တနင်္သာရီတိုင်း)နှင့် ရန်ကြီးအောင်(မြို့တော်စည်ပင်)၊ မြန်မာပြည်အလွတ်တန်း ချန်ပီယံလုပွဲ၌ ချာန်ထူး(တောင်ကလေး)နှင့် လုံးချော(K.L.N)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ကီလိုတန်းအလိုက်ဗိုလ်လုပွဲစဉ်

ပွဲအပြီးတွင် ပထမရရှိသော ရိုးရာလက်ဝှေ့ကျော်အား ရွှေခါးပတ်ဆုနှင့် ငွေကျပ်နှစ်သိန်း၊ ဒုတိယရရှိသော ရိုးရာလက်ဝှေ့ကျော်အား ငွေကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။ ဗိုလ်လုပွဲစဉ်များအတွက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ်၆၀၀၀၊ ရိုးရိုးတန်း ငွေကျပ်၄၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ရေကူးနည်းပြ သင်တန်းဖွင့်လှစ်

အိုလံပစ် သွေးစည်းညီညွတ်ရေး အစီအစဉ်(Olympic Solidarity Programme)အရအပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ (MOC)၊ ကမ္ဘာ့ရေကူးအဖွဲ့ချုပ် (FINA)နှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်(MSF) တို့ ပူးပေါင်းစီစဉ် ဖွင့်လှစ်သည့် ရေကူးနည်းပြသင်တန်း(Level-1)ကို စက်တင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ သင်တန်း၌ ပြည်နယ်နှင့်တိုင်းများ၊ ဝန်ကြီးဌာနများနှင့် ရေကူးကလပ်များမှ သင်တန်းသားစုစုပေါင်း ၃၅ ဦးတက်ရောက်လျက်ရှိသည်။

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စက်တင်ဘာ၁၇ရက်၌ စတင်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက် ညနေပိုင်းမှစတင်၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၀ သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အမှတ်(၂) လျှပ်စစ်စွမ်းအား၊ SARA၊ တပ်မတော်(ရေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ Air Bagan၊ Golden Hill Tower၊ တပ်မတော်(လေ)၊ သတ္တုတွင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ဖြစ်ကြသည်။ ပွဲဦးထွက်အဖြစ် စက်တင်ဘာ၁၇ရက် ညနေ၄နာရီတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားအသင်းနှင့် SARAအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် မြန်မာနှင့်တရုတ်အသင်းယှဉ်ပြိုင်ရမည်

တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ခြေစစ်ပွဲစဉ်များ ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှတိုက်မှ ဘောလုံးအင်အားကြီးအသင်းတစ်သင်းဖြစ်သော တရုတ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် တရုတ်အသင်းတို့၏ ပထမအကျော့ပွဲစဉ်ကို အောက်တိုဘာ ၈ရက်တွင် တရုတ်နိုင်ငံ၌လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို အောက်တိုဘာ ၂၈ရက်တွင် မြန်မာနိုင်ငံ၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာအသင်းနှင့် တရုတ်အသင်းတို့၏ အာရှဇုန်ခြေစစ်ပွဲပထမအဆင့်ပြိုင်ပွဲမှ နှစ်ပွဲပေါင်းရလဒ်ဖြင့် အနိုင်ရရှိသောအသင်းသည် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- *စပိန်နိုင်ငံ ကာနာရီကျွန်းကမ်းလွန်၌ စပိန်နိုင်ငံသို့ တရားမဝင် ဝင်ရောက်ရန်ကြိုးစားသော ခရီးသည်တင် စက်လှေတစ်စင်း စက်တင်ဘာ ၇ ရက်က မတော်တဆဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ရာ ၁၀ဦး သေဆုံးသွားကြောင်း စပိန်မီဒီယာများက ဖော်ပြသည်။*

- **နီပေါနိုင်ငံ အနောက်ပိုင်း ပိုခါရာမြို့အနီး ဆာရန်ကော့အရပ်တွင် စက်တင်ဘာ ၈ ရက်နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အိမ် ၁၅ လုံး ပျက်စီးသွားကြောင်း နီပေါမီဒီယာများက ဖော်ပြသည်။**

- *ပီရူးနိုင်ငံတောင်ပိုင်း ပူနိုပြည်နယ်တွင် စက်တင်ဘာ ၇ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် အငှားယာဉ်တစ်စီးတို့ တိုက်မိရာ ၁၀ ဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*



- **နာဆာမှ စေလွှတ်ထားသော ကတ်စီနီအာကာသလေ့လာရေးယာဉ်သည် စက်တင်ဘာ၇ရက်က စနေဂြိုဟ်၏ အရံလတစ်ခုဖြစ်သော သစ်ကြားသီးပုံသဏ္ဌာန်ရှိ လဂြိုဟ်တစ်ခုသို့ ချဉ်းကပ်လျက်ရှိရာ ကီလိုမီတာ ၁၆၄၀ အကွာအဝေးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နာဆာအဖွဲ့မှ သတင်းထုတ်ပြန်သည်။** (အပေါ်ပုံ)

- *ကနေဒါနိုင်ငံ အွန်တာရီရိုအရပ်တွင် စက်တင်ဘာ၇ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ဝေဟင်၌ပျံသန်းနေစဉ် အမြင့်မီတာ ၃၀၀ အထိ ရုတ်တရက်ပြုတ်ကျခဲ့ရာ ခရီးသည်ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ လေယာဉ်မှူးက လေယာဉ်ကို အချိန်မီထိန်းသိမ်းနိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **ထိုင်းနိုင်ငံအနောက်ပိုင်း ကန်ချာနာဘူရီပြည်နယ်ရှိ ကန်ချာနာဘူရီ မိမိုရီရယ်ဆေးရုံပေါ်တွင် ကင်ဆာရောဂါသည်တစ်ဦးအား မြွေတစ်ကောင်ကကိုက်ခဲ့ရာ လေးရက်အကြာ၌ သေဆုံးသွားကြောင်း ထိုင်းမီဒီယာများက စက်တင်ဘာ ၈ရက်၌ ဖော်ပြသည်။**

- *အိန္ဒိယနိုင်ငံ ရာဂျာစသန်ပြည်နယ် အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၇ ရက်က လူအဆမတန် တင်ဆောင်လာသော ခရီးသည်တင် မော်တော်ကားတစ်စီး လျှိုမြောင်တစ်ခုအတွင်း ထိုးကျသွားရာ ၈၅ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။*

- **ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၇ ရက်က ကုန်တင်လေယာဉ်တစ်စင်း မတော်တဆ ဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါသူ ငါးဦးစလုံး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ)

(အင်တာနက်)

ခေတ်မီနည်းစနစ်သုံး မိုဘိုင်းလ်ဖုန်းကတ်များ

ဝန်ဆောင်မှု အပြည့်အဝပေးနိုင်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၈

ယနေ့ အချိန်အခါသည် ခေတ်မီဆန်းသစ်သော အိုင်တီနည်းပညာသုံးပစ္စည်းများကို ကမ္ဘာ့နိုင်ငံ အသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေကြချိန်ဖြစ်သည်။

ထိုသို့ အိုင်တီနည်းပညာသုံးပစ္စည်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း အသုံးပြုနိုင်ရန် အတွက် မြန်မာနိုင်ငံကလည်း ကြိုးစားလျက် ရှိသည်။

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာသုံးပစ္စည်းများကို အသုံးပြုနိုင်

ရန်အတွက် Mobilemate Telecommunications Co., Ltd. မှ မိုဘိုင်းလ်ဖုန်း အသုံးပြုဝန်ဆောင်မှုများဖြစ်သော Mobile Contents နှင့် Value Added Services ဝန်ဆောင်မှုအချို့အား မိတ်ဆက် တင်ပြခြင်း အခမ်းအနားကို ရန်ကုန်မြို့လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီက ကျင်းပသည်။

Mobile Comtents နှင့် Value Added Services ဝန်ဆောင်မှုအချို့အား မိတ်ဆက်ပွဲ အခမ်းအနားတွင် Mobilemate Telecommunications Co., Ltd. မှ အမှုဆောင်အရာရှိချုပ်ဒေါက်တာ ကျော်ထူးလင်း အမှာစကားပြောကြားစဉ်။

ရှင်းပြ

အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် မီဒီယာသမားများ တက်ရောက်ခဲ့ကြပြီး ပထမဦးစွာ Mobilemate Telecommunications Co.,Ltd. မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာ ကျော်ထူးလင်းက Company Profile, Mobile Contents နှင့် Valued Added Services များ အကြောင်း ရှင်းပြသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်း သုံးစွဲသူများသည် ဆော့ဖ်ဝဲလ်၊ ဂိမ်းနှင့် ရိုးရိုးဖုန်း ခေါ်ဆိုမှုများကိုသာ အဓိကထား အသုံးပြုနေကြကြောင်း၊ ယခုမိမိတို့ မိတ်ဆက်ပေးသည့် Gemalto ကုမ္ပဏီမှ ထုတ်လုပ်သည့် မိုဘိုင်းလ်ဖုန်းကတ်ကို အသုံးပြုခြင်းဖြင့် မိုဘိုင်းလ်ဖုန်း ရုပ်ရှင်ကြည့်နိုင်သောဝန်ဆောင်မှု၊ မိုဘိုင်းလ်ဖုန်းတွင် ထည့်သွင်းထားသော မြေပုံကြောင့် ဖုန်းပြောဆိုသူ၏ နေရာဒေသနှင့် ပတ်ဝန်းကျင်များကို ပြသနိုင်သည့် ဝန်ဆောင်မှု၊ မိုဘိုင်းလ်ဖုန်းကတ်ကို အဓိက အသုံးပြု၍ သတင်းအချက်အလက်များ ပေးနိုင်သော ဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်ကြောင်းများ အကျယ်တဝင့် ရှင်းပြဆွေးနွေးသွားသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်း သုံးစွဲသူများ ဆော့ဖ်ဝဲလ်၊ ဂိမ်းနှင့် ရိုးရိုးဖုန်း ခေါ်ဆိုမှုများကိုသာ အဓိကထားအသုံးပြုနေကြ။

Gemalto ကုမ္ပဏီမှ ထုတ်လုပ်သည့် မိုဘိုင်းလ်ဖုန်းကတ်ကို အသုံးပြုခြင်းဖြင့် မိုဘိုင်းလ်ဖုန်း ရုပ်ရှင်ကြည့်နိုင်သော ဝန်ဆောင်မှု၊ မိုဘိုင်းလ်ဖုန်းတွင် ထည့်သွင်းထားသော မြေပုံကြောင့် ဖုန်းပြောဆိုသူ၏ နေရာဒေသနှင့် ပတ်ဝန်းကျင်များကို ပြသနိုင်။

အကျိုးပြု

Gemalto မှ ထုတ်လုပ်သော မိုဘိုင်းလ်ဖုန်းကတ်များသည် ကမ္ဘာ့နိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံအများစုတွင် အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။ ထို့နောက် Gemalto ကုမ္ပဏီမှ တာဝန်ရှိသူများက Gemalto ကုမ္ပဏီမှ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် အကျိုးပြုမှုများကို ဆွေးနွေးကြသည်။

မိတ်ဆက်ပေး

ထို့နောက် မြန်မာနိုင်ငံမှ Mobilemate Telecommunications Co.,Ltd. မှ နည်းပညာဆိုင်ရာ မန်နေဂျာ ဦးသက်ဝေအောင်က About GprX& Location Based Services အကြောင်းများကို ဆွေးနွေးသည်။ နည်းပညာဆိုင်ရာ မန်နေဂျာဦးသက်ဝေအောင်အား ယခုမိတ်ဆက် ပြောကြားသည့် အိုင်တီနည်းပညာသုံး ပစ္စည်းများဖြစ်သည့် Gemalto ကုမ္ပဏီ ထုတ်မိုဘိုင်းလ်ဖုန်းနှင့် မိုဘိုင်းလ်ဖုန်းကတ်များ၏ အကျိုးကျေးဇူးကို မေးမြန်းခဲ့ရာ "ဒီမိုဘိုင်းလ်ဖုန်းကတ်တွေကို အသုံးပြုရင် လုံခြုံရေးအတွက်လည်း ကောင်းမွန်တယ်၊ ဘောလုံးပွဲသတင်းတွေ၊ ရွှေဈေးသတင်းတွေကအစ သတင်းပေးပို့လို့ရတယ်။ ကြော်ငြာလုပ်ငန်းသတင်းတွေ၊ ရာသီဥတုသတင်းအချက်အလက်နဲ့ ဖျော်ဖြေမှုတွေကအစ သတင်းပေးပို့လို့ရတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ သုံးနေကြတဲ့ 3G၊ GSMနဲ့ CDMA ဖုန်းတွေမှာ ထည့်ပြီးသုံးလို့ရတယ်"ဟု ရှင်းပြသည်။

ဒီမိုဘိုင်းလ်ဖုန်းကတ်တွေကို အသုံးပြုရင် လုံခြုံရေး အတွက်လည်း ကောင်းမွန်တယ်၊ ဘောလုံးပွဲ သတင်းတွေ၊ ရွှေဈေးသတင်းတွေက အစ သတင်းပေးပို့လို့ရတယ်။ ကြော်ငြာလုပ်ငန်း သတင်းတွေ၊ ရာသီဥတုသတင်း အချက်အလက်နဲ့ ဖျော်ဖြေမှုတွေကအစ သတင်းပေးပို့လို့ရတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ သုံးနေကြတဲ့ 3G၊ GSM နဲ့ CDMA ဖုန်းတွေမှာ ထည့်ပြီး သုံးလို့ရတယ်။

မြန်မာနိုင်ငံမှာ သုံးနေကြတဲ့ 3G၊ GSMနဲ့ CDMAဖုန်းတွေမှာ ထည့်ပြီး သုံးလို့ရပါတယ်။ Mobilemate Telecommunications Co.,Ltd.မှ နည်းပညာဆိုင်ရာ မန်နေဂျာဦးသက်ဝေအောင်။

တွေ့မြင်နိုင်

ထို့အပြင် GprX နည်းပညာ ထည့်သွင်း အသုံးပြုထားသော မိုဘိုင်းလ်ဖုန်းကတ်များနှင့် မိုဘိုင်းလ်ဖုန်းများ၌ မြေပုံထည့်သွင်းထားသည့်အတွက် ဖုန်းပြောသူ၏ ရောက်ရှိနေသော နေရာကို သိရှိနိုင်သည်။ ပတ်ဝန်းကျင် အနေအထားကိုလည်း ဖုန်း၌ တွေ့မြင်နိုင်မည် ဖြစ်သည်။

မြေပုံလမ်းညွှန်

ထိုအချက်နှင့် ပတ်သက်၍လည်း နည်းပညာဆိုင်ရာ မန်နေဂျာ ဦးသက်ဝေအောင်က "မြေပုံလမ်းညွှန်ပါတဲ့အတွက် နိုင်ငံခြားခရီးသွားတွေအတွက် အဆင်ပြေတယ်၊ စီးပွားရေးသမားတွေအတွက်လည်း မိမိတို့ ကုန်တင်ယာဉ်တွေ ဘယ်နေရာ ရောက်ရှိနေတယ်ဆိုတာ သိရှိနိုင်တယ်။ ကုန်တင်သင်္ဘောတွေ၊ ခရီးသည်တင် သင်္ဘောတွေကအစ ကွန်ပျူတာ၊ လက်ကိုင်ဖုန်းတွေနဲ့ ချိတ်ဆက်ထားရင် ရောက်နေတဲ့နေရာ သိနိုင်တယ်။ ပြည်သူတွေအတွက်ကတော့ မိမိတို့ ကျောင်းသားအရွယ် ကလေးငယ်တွေ ဘယ်နေရာရောက်နေလဲဆိုတာ လက်ကိုင်ဖုန်းပေါ်မှာ နေရာနဲ့တကွ တွေ့ရမှာ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

အသုံးဝင်မည်

ထို့ကြောင့် Gemalto ကုမ္ပဏီထုတ် မိုဘိုင်းလ်ဖုန်းနှင့် မိုဘိုင်းလ်ဖုန်းကတ်များသည် ထိရောက်သော ဝန်ဆောင်မှုပေးစွမ်းနိုင်သည့် အိုင်တီနည်းပညာများကို အသုံးပြုထားသဖြင့် ပြည်သူတို့အတွက် အသုံးဝင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၇ (တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ 'အကိတ္တိဇာတ်တော်' တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၈း၀၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် အတူဖြစ်ပေါ်လာသော ရောဂါများ (သွေးလွန်တုပ်ကွေး) (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာစောလွင်)
- ၉း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၄၅ တေးဂီတအစီအစဉ်
- ၉း၅၀ နတ်လူသာဓုခေါ်စေသောတောင်ငူမြို့ရဲ့ရွှေဆံတော်
- ၁၀း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၁၀ ကောင်းကင်သစ်ရဲ့အနီးပုံပိုးဖန်တီးနည်းပညာခရီး
- ၁၀း၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၃၅ ထူးခြားသွင်ပြင် သတ္တုပြန်းပုရပ်သွင်
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၀း၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၀၅ တောင်တန်းပေါ်ကစိန်တစ်လုံး
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ ငါးရစ်မျိုးငါး.....တို့မစား (ဧရာ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၁း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ နိုင်ငံတကာအနုပညာရေးရာ
- ၁၂း၁၅ ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
- ၁၂း၂၅ တေးဂီတအစီအစဉ်
- ၁၂း၃၀ Euro Goals
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာတစ်လွှား အားကစား
ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ယူရို ၂၀၀၈ ခြေစစ်ပွဲများ၌ ဂိုးအများဆုံးသွင်းထားသူများ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၈

ယူရို ၂၀၀၈ခြေစစ်ပွဲတွေကို ဆက်လက်ကစားနေတာမို့ ယူရိုခြေစစ်ပွဲဝင်နိုင်ငံကိုယ်စားပြုအသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေအနက် ဂိုးအများဆုံးသွင်းထားနိုင်သူတွေထဲမှာတော့ မြောက်အိုင်ယာလန်အသင်း တိုက်စစ်မှူး ဒေးဗစ်ဟီလီပဲ ဖြစ်ပါတယ်။

မြောက်အိုင်ယာလန် တိုက်စစ်မှူး ဒေးဗစ်ဟီလီ။
(ဓာတ်ပုံ-အင်တာနက်)

အသက် ၂၈နှစ်ရှိပြီဖြစ်တဲ့ ဒေးဗစ်ဟီလီဟာ မြောက်အိုင်ယာလန် အသင်း တိုက်စစ်မှာ စတိဗ်ဂျုန်းစ်၊ လက်ဖာတီတို့နဲ့အတူ အောင်မြင်မှုတွေ ရရှိအောင် ခြေစွမ်းပြ ဂိုးသွင်းပေးနေတဲ့ တိုက်စစ်မှူးတစ်ဦးပါပဲ။

မြောက်အိုင်ယာလန် အသင်းဟာ ယူရို ၂၀၀၈ခြေစစ်ပွဲရဲ့ အုပ်စု(စ)မှာ ဆွီဒင်၊ စပိန်၊ ဒိန်းမတ်၊ လက်ချင်စတိန်း၊ အိုက်စလန်နဲ့ လတ်ဗီးယားအသင်းတွေနဲ့ တစ်အုပ်စုတည်းကျခဲ့တာမို့ သိပ်တော့မချောင်ပါဘူး။

သွင်းယူထားနိုင်

ဒါပေမယ့် မြောက်အိုင်ယာလန် အသင်းဟာ ခြေစစ်ပွဲခုနစ်ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့ အုပ်စု(စ)မှာ ဒုတိယနေရာ ရရှိထားပါတယ်။ သွင်းဂိုး ၁၃ဂိုး သွင်းယူနိုင်ခဲ့တဲ့နေရာမှာ တိုက်စစ်မှူး ဒေးဗစ်ဟီလီက တစ်ဦးတည်း ၁၁ဂိုးသွင်းယူထားနိုင်ပါတယ်။

ပါဝင်ကစား

ဒါကြောင့်လည်း မြောက်အိုင်ယာလန်ဟာ စပိန်နဲ့ ဒိန်းမတ်အသင်းတွေကိုကျော်ပြီး အုပ်စု(စ)မှာ ဒုတိယနေရာက ရပ်တည်နေနိုင်ခြင်းဖြစ်ပါတယ်။ မြောက်အိုင်ယာလန် တိုက်စစ်မှူး ဒေးဗစ်ဟီလီဟာအရင်က အင်္ဂလိပ်လိဂ်ချန်ပီယံရှစ်အသင်းဖြစ်တဲ့ ပရီစတန်အသင်းမှာ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။

ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီး။
(ဓာတ်ပုံ-အင်တာနက်)

ဒေးဗစ်ဟီလီ အနေနဲ့ ပရီစတန် အသင်းမှာ ၂၀၀၄ခုနှစ်အထိ ကစားခဲ့ပြီးနောက်ပိုင်းမှာ လိဒ်ယူနိုက်တက်အသင်းကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ လိဒ်ယူနိုက်တက်အတွက် ၂၀၀၅ခုနှစ်မှာ ၁၂ဂိုးသွင်းပေးနိုင်ခဲ့ပြီး ၂၀၀၆ခုနှစ်မှာ ၁၄ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့သူပါပဲ။

ဒေးဗစ်ဟီလီဟာ လိဒ်ယူနိုက်တက်အသင်းနဲ့ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ ၁၁ဂိုးသွင်းပေးခဲ့ပြီးအခု ၂၀၀၇-၂၀၀၈ဘောလုံးရာသီမှာတော့ဖူလ်ဟမ်အသင်းကို ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာဖူလ်ဟမ်အတွက် ဒီနှစ်ဘောလုံးရာသီအစမှာပဲ နှစ်ဂိုးသွင်းယူပေးထားခဲ့ပြီဖြစ်တာမို့ ပရီမီယာလိဂ်အသင်းကြီးတွေက သတိထားစောင့်ကြည့်နေတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

ဒေးဗစ်ဟီလီဟာ အရှိန်အဟုန်နဲ့ တိုက်စစ်ဆင်ထိုးဖောက် ကစားနိုင်သလို တွန်းတွန်းတိုက်တိုက်လည်း ကစားတတ်သူ တိုက်စစ်မှူးတစ်ဦးပါပဲ။ အုပ်စု(စ)မှ မြောက်အိုင်ယာလန်ကို ယူရို၂၀၀၈ခြေစစ်ပွဲအောင်ဖို့အတွက် ဒေးဗစ်ဟီလီဟာ အဓိကစွမ်းအားရှင် တစ်ဦးဖြစ်နေပါတယ်။

ဒေးဗစ်ဟီလီဟာ အခုယူရို၂၀၀၈ခြေစစ်ပွဲမှာ ဟက်ထရစ်နှစ်ကြိမ်ရအောင် ဂိုးသွင်းထားနိုင်သူဖြစ်လို့ မြောက်အိုင်ယာလန်နည်းပြ ဆန်ချက်ဇ်ကတော့ ဒေးဗစ်ဟီလီကို မြောက်အိုင်ယာလန်ရဲ့ အထူးချွန်ဆုံး တိုက်စစ်မှူးတစ်ဦးလို့တောင် ချီးမွမ်းနေပါတယ်။

သဘောကျ

ယူရို ၂၀၀၈ ခြေစစ်ပွဲတွေမှာ ဂိုးအများဆုံးသွင်းထားသူတွေမှာတော့ ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီးလည်း ပါဝင်နေပါတယ်။ ပိုဒေါစကီးဟာ အခု ယူရို ၂၀၀၈ခြေစစ်ပွဲမှာ ဂျာမနီအသင်းအတွက် ရှစ်ဂိုးသွင်းယူထားနိုင်ပြီး ဒုတိယဂိုးအများဆုံးသွင်းထားနိုင်သူအဖြစ် ရပ်တည်နေပါတယ်။ အသက် ၂၂နှစ်အရွယ်သာရှိသေးတဲ့ ပိုဒေါစကီးဟာ ပြီးခဲ့တဲ့ ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာကတည်းက ဂျာမနီအသင်းအတွက် ခြေစွမ်းပြနိုင်ခဲ့လို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေ သဘောကျခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးပါပဲ။

မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို။
(ဓာတ်ပုံ-အင်တာနက်)

ယူရို ၂၀၀၈ ခြေစစ်ပွဲမှာ တတိယမြောက် ဂိုးအများဆုံးသွင်းထားနိုင်တဲ့သူကတော့ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာပဲဖြစ်ပါတယ်။ ယူရိုခြေစစ်ပွဲ ခုနစ်ပွဲကစားပြီးချိန်မှာ ဒေးဗစ်ဗီလာဟာ စပိန်အသင်းအတွက် ရှစ်ဂိုးသွင်းယူပေးထားပြီး စပိန်အသင်းကို အုပ်စု (စ)မှာ တတိယနေရာရောက်အောင်ပို့ဆောင်ပေးနိုင်ပါတယ်။

ဒုတိယနာမည်အကြီးဆုံး

စတုတ္ထ ဂိုးအများဆုံးသွင်းထားသူကတော့ ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းပြီးရင် ဒုတိယနာမည်အကြီးဆုံးဖြစ်လာတဲ့ ပေါ်တူဂီနဲ့ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုပဲဖြစ်ပါတယ်။ စီရိုနယ်ရိုဟာ ယူရို၂၀၀၈ ခြေစစ်ပွဲဝင် ပေါ်တူဂီအသင်းအတွက် ရှစ်ပွဲကစားပြီးချိန်အထိ ခြောက်ဂိုးသွင်းယူထားနိုင်ပါတယ်။ အုပ်စု(က)မှာ ပေါ်တူဂီအသင်းဟာ ရှစ်ပွဲကစားပြီးချိန်မှာတတိယနေရာမှာ ရှိနေပါတယ်။ ပေါ်တူဂီအသင်း ရှစ်ပွဲကစားပြီး စုစုပေါင်း ၁၆ဂိုး သွင်းယူထားနိုင်တဲ့နေရာမှာ စီရိုနယ်ဒိုက တစ်ဦးတည်း ခြောက်ဂိုးသွင်းယူထားနိုင်တဲ့သူပါပဲ။ **(ကိုးကား-အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ကစားသမားအုပ်ချုပ်မှု ညံ့ဖျင်းသည့်ဝီဂန် အက်ဖ်အေက တရားစွဲဆိုထား

ဒိုင်လူကြီးနှင့် အဆင်မပြေဖြစ်နေသော ဝီဂန်ကစားသမားများ။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၈

ဝီဂန်အသင်းသည် ယခင်သီတင်းပတ်က နယူးကာဆယ် အသင်းနှင့် ကစားရာတွင် ကစားသမားများအား အုပ်ချုပ်မှုညံ့ဖျင်းမှုဖြင့် အက်ဖ်အေက တရားစွဲဆိုထားသည်။

အငြင်းပွား

ဝီဂန် ကစားသမားများသည် စက်တင်ဘာ ၁ရက်က နယူးကာဆယ်နှင့် ကစားခဲ့စဉ် ဒိုင်လူကြီး စတီဗ်ဘင်နက်၏ ဒိုင်အဆုံးအဖြတ်ကို မနာခံဘဲ အငြင်းပွားပြောဆိုခဲ့ကြသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဝီဂန်တာဝန်ရှိသူများအား အုပ်ချုပ်မှုညံ့ဖျင်းကြောင်း အက်ဖ်အေက စွပ်စွဲလိုက်သည်။

အက်ဖ်အေ၏ စွပ်စွဲချက်ကို ဝီဂန်အသင်းက စက်တင်ဘာ၁၉ရက်တွင် ပြန်လည်ချေပပြောဆိုသွားမည်ဟု ဆိုသည်။ ထိုနေ့က ဝီဂန်အသင်းသည် မိုက်ကယ်အိုဝင်၏ တစ်လုံးတည်းသောဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ပွဲချိန် လေးဆယ့်ခြောက်မိနစ်တွင် ကွင်းလယ်ကစားသမား ကီဗင်ကီဘိန်းသည် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ၎င်းကစားသမား ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းကြောင့် ဝီဂန် ကစားသမားများက ဒိုင်လူကြီး၏ဆုံးဖြတ်ချက်ကို မတရားဟုဆိုကာ အငြင်းပွားခဲ့ကြသည်။ **(အင်တာနက်)**

ဗီးနပ်စ်နှင့် ဂျူစတင် ယူအက်စ်အိုးပင်း၌ တွေ့ဆုံ

ဗီးနပ်စ်ဝီလျံ(ဝဲ)နှင့် ဂျူစတင်ဟေနင်။ (ဓာတ်ပုံ-အင်တာနက်)

နယူးယောက် စက်တင်ဘာ ၈

ယူအက်စ်အိုးပင်း ဂရင်းဆလမ်တင်းနစ်ပြိုင်ပွဲကြီးကို နယူးယောက်မြို့၌ ဆက်လက် ကျင်းပလျက်ရှိရာ နာမည်ကြီး ဂျူစတင်ဟေနင်နှင့် ဗီးနပ်စ်ဝီလျံတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာကြသည်။

တက်ရောက်

ဂျူစတင်နှင့်ဗီးနပ်စ်ဝီလျံတို့သည် အကြိုဗိုလ်လုပွဲတွင် တွေ့မည် ဖြစ်သည်။ ဂျူစတင်သည် ကွာတားဖိုင်နယ်ပွဲတွင် ဗီးနပ်စ်ဝီလျံ၏ ညီမ ဖြစ်သူ ဆီရီနာဝီလျံကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာခြင်း ဖြစ်သည်။

ဂျူစတင်ဟေနင်သည် ဗီးနပ်စ်ဝီလျံကို အနိုင်ရခဲ့လျှင် ဝီလျံညီအစ်မကိုအနိုင်ရသည့် ဒုတိယမြောက် အမျိုးသမီးတင်းနစ် အားကစားမယ် ဖြစ်လာနိုင်သည်။

ကမ္ဘာ့နံပါတ်တစ် ဂျူစတင်သည် ၂၀၀၁ခုနှစ်က မာတီနာဟင်းဂစ်ကဲ့သို့ ဝီလျံညီအစ်မကို အနိုင်ရရှိသူဖြစ်လာရန် မျှော်လင့်ထားသည်။ အဆိုပါတင်းနစ်ကစားမယ်နှစ်ဦးသည် အကြိုဗိုလ်လုပွဲတွင် အကောင်းဆုံးကစားနိုင်မည့် အနေအထားရှိနေသည်။ အခြားအကြိုဗိုလ်လုပွဲအဖြစ် ရုရှားတင်းနစ်မယ်များဖြစ်ကြသည့် ချတ်ဗီတက်ဗီနှင့်ကွတ်ဇ်ညက်ဆိုဗာတို့ တွေ့မည်ဖြစ်သည်။ ကွတ်ဇ်ညက်ဆိုဗာက အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိရန်ရေပန်းစားနေသည်။ သို့ရာတွင် ချက်ဗီတက်ဗီမှာ ယခုနှစ်အတွင်း ဖလားလေးလုံးဆွတ်ခူးထားနိုင်သည့် ဆယ်ကျော်သက်တင်းနစ်မယ်ဖြစ်သည်။ (အင်တာနက်)

နောက်တန်းကစားသမားဆိုးလ်ကင်းဘဲလ် ပို့စ်မောက်နှင့်နှစ်နှစ်ထပ်မံစာချုပ်

ပို့စ်မောက် နောက်တန်း ကစားသမား ဆိုးလ်ကင်းဘဲလ်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၈

ပို့စ်မောက် နောက်တန်းကစားသမား ဆိုးလ်ကင်းဘဲလ်သည် ၎င်းအသင်းနှင့် နှစ်နှစ်ထပ်မံစာချုပ်ချုပ်လိုက်သည်။

အသက် ၃၂ နှစ်ရှိ အဆိုပါကစားသမားသည် ပို့စ်မောက်အသင်းနှင့် လက်ရှိချုပ်ဆိုထားသော စာချုပ်မှာ ယခုနှစ်ကုန်ပိုင်းတွင် ကုန်ဆုံးမည်ဖြစ်သည်။

ဆိုးလ်ကင်းဘဲလ်သည် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီက အာဆင်နယ်မှ ပို့စ်မောက်သို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ပို့စ်မောက်အသင်းအတွက် ယခုအထိ ပွဲပေါင်း ၃၆ ပွဲ ကစားပေးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

သားကြီးမင်းဟိန်းထက်အတွက် မွေးနေ့ဆုတောင်း

ချစ်သားလေး **မင်းဟိန်းထက်**ရဲ့ ၁၀-၉-၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ထူးချွန်လိမ္မာတတ်သိသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

နှစ်ဖက်သော – ဘိုးဘိုး။ အဘိုးရှင်-အဘောင်ရှင်နှင့်
ချစ်ပါပါ – ဗိုလ်ကြီးအောင်မိုးဇော် B.Sc, D.S.A (တပ်မတော်-လေ)
ချစ်မေမေ – ဒေါ်မြအေးခိုင် B.Sc (Chem:), M.Sc (Engg-Chem:),CET(5)
ချစ်ကြီးကြီး – ဗိုလ်ကြီးသန့်ဇင်-ဒေါ်ဝါဝါရွှေ B.Sc (Chem:),D.C.Sc
ကိုကိုချစ်မင်းကို [Grade II ၊ အလက(၄)မင်္ဂလာဒုံ]
ချစ်အန်တီငယ် – ချိုသဲ B.A [Law]။

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ တောင်ကြီးတက္ကသိုလ်တွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	လက်တွေ့ခန်းသုံးပစ္စည်းများ	1 Lot
၂။	ကွန်ပျူတာဆက်စပ်ပစ္စည်းများ	1 Lot
၃။	Motor 3 Phase Pump (18 HP 2900 rpm)	1 Pc
၄။	UPS (600 VA)	10 Pcs
၅။	ပရိဘောဂပစ္စည်းများ	1 Lot

၂။ တင်ဒါပိတ်ရက်မှာ ၁၅-၉-၂၀၀၇ရက် ၁၆:၃၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
တောင်ကြီးတက္ကသိုလ်
ဖုန်း-၀၈၁-၂၂၆၅၀၊ ၀၈၁-၂၁၀၂၄။

အဲယားကွန်း **အဟောင်းအပျက်များကို**
အိမ်တိုင်ရာရောက် ဈေးကောင်းပေးဝယ်လိုပါသည်။
ဖုန်း-၅၃၅၂၂၂။

မြန်မာ့ရုပ်မြင်သံကြား

၉-၉-၂၀၀၇ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	ဒွန်ဘန်တံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	**အသိုက်(၂)** လွင်မိုး၊ နန္ဒာလှိုင် (ဒါရိုက်တာ-မောင်သီ)
၁၃:၁၀	၅။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆွေးနွေးခန်း (ကွက်စိပ်)
၁၃:၄၀	၆။	အကပြိုင်ပွဲ
၁၄:၃၀	၇။	တေးဂီတအစီအစဉ်
၁၄:၃၅	၈။	စက္ကူအလင်းဒါနလှူမဆုံး မြို့ကွမ်းခြံကုန်း(အပိုင်း-၂)
၁၄:၂၀	၉။	**အား.... နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဇရာ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
၁၄:၄၅	၁၀။	International News
၁၅:၀၀	၁၁။	အစီအစဉ်ပြီး၏

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒ အထူးပြု) [ဒဿနိကဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅	၆။	**၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [အခြေခံပညာ ၅-၁၀နှစ်] (အမျိုးသား)**
၁၇:၂၀	၇။	**ရထားလမ်းသာပြီနော် ချောက်မှနေပြည်တော်**
၁၇:၂၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သီရိဂေဟာ
၁၉:၀၅	၁၂။	ဆောင်းပါးရှင် ကျော်ရဲမင်း၏ "အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက် စွက်ဖက်မှုများ" (အပိုင်း-၃)
၁၉:၁၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၅၈)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စရာ့ပျိုကညာ** (အပိုင်း-၂)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

KMD Since 1986 Computer Centre
Special Effect
[Duration 50 Hours]

ကြော်ငြာများ၊ ကာရာအိုကေသီချင်းများနှင့် VCD/DVD များကို မိမိစိတ်ကြိုက်ဖန်တီးလိုသူများအတွက်

အသံသွင်းခြင်း/ကူးယူခြင်းနှင့် ဖြတ်ခြင်းအပြင် သီချင်းစာသားများ ထည့်သွင်းခြင်း၊ ကာကူးကာဆက်များကို လုပ်ဆောင် Special Effect များထည့်သွင်းခြင်း၊ Graphics ပုံများကို သက်ဝင်လှုပ်ရှားအောင်ပြုလုပ်၍ Video File များနှင့် ပေါင်းစပ်ခြင်း တို့ကိုကိုယ်တိုင်ပြုလုပ်တတ်စေရန် လက်တွေ့ဦးစားပေးသင်ကြားပါမည်။

(ရုံးချုပ်) ဖုန်း - ၂၄၉၁၅၅/၃၈၀၇၇၆/၃၈၀၁၂၉
(ဆိပ်ကမ်းသာ) ဖုန်း - ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၈၅၅
(မြေနီကုန်း) ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃
(သိမ်ကြီးဈေး) ဖုန်း - ၃၈၄၂၆၈၃၈၄၆၄
(လှည်းတန်း) ဖုန်း - ၅၂၄၄၀၀/၅၀၅၃၉၉
(တာမွေ) ဖုန်း - ၅၄၁၃၂၈/၅၄၆၆၀၀

သင်တန်းအပ်လက်ခံနေပါပြီ။

Sponsored by PREMIER

Live Show VOL 1,2 VCD Karaoke

ရဲလေး၊ Too Big၊ သားဆို၊ L.R.ဝတ်တား၊ တေနည်းဘုံ၊ ကိုကို ရေဝတ္တာဝင်၊ L ဆိုင်း၊ ဗီယင်၊ ရည်မွန်၊ ရတနာ၊
Bambino, D-Beez,Cartoon,Fish in Car, Cool Stars

Music : Bar Bu, Lin Bin Hein, Yatha, KGK(X.Media) Kyaw Lin Htein, Kyaw Zay Ya(Pro), Kabar /Studio : 65,PRO.

၆၃၀/၂၀၀၇(၁+၂)
၁၈ ၊ ၇ ၊ ၂၀၀၇

၉-၉-၂၀၀၇ ရက် တွင် ပြည်လမ်း၊ စိန်ဂေဟာစူပါမတ်ကြီး၌ မွန်းလွဲ (၂) နာရီတွင် အဆိုတော်များက အမှတ်တရလက်မှတ်ရေးထိုးပေးမည်ဖြစ်ပါသည်။
ညနေ (၄) နာရီတွင် ဗီစီဒီ (၂) ချပ်တွဲ ဝယ်ယူအားပေးထားသူများအား သရုပ်ဆောင် မှင့်က အဆင့်မြင့် DVD ပြစက် (၁၀) လုံးကို ချက်ချင်းမဲဖောက်စနစ်ဖြင့် ချီးမြှင့်ပေးမည်ဖြစ်ပါသည်။
ဝယ်ယူအားပေးကြသည့် ဗီစီဒီ (၂) ချပ်တွဲတွင် သီးခြားကံစမ်းမဲလက်မှတ်များ ထည့်သွင်းပေးထားပြီး နောက်ထပ်ကံထူးသူများအား (၃) လအကြာ၌ ဂျာနယ်များတွင် ကြော်ငြာပေး၍ အဆင့်မြင့် DVD ပြစက် အလုံး (၁၀) ကို ထပ်မံချီးမြှင့်သွားမည် ဖြစ်ပါသည်။

ထီးရှုရိပ် HTIN SHUU YEIK
ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး အမှတ် (၅၀၅)၊ မဟာဗန္ဓုလလမ်းနှင့် (၂၉) လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၇၇၉၀၉

အမည်ပြောင်း

အဖ ဦးနေဝင်း၏သမီး အထက (၄)ဗိုလ်တထောင် တက္ကသိုလ်ဝင်တန်း (က)မှ မနှင်းနှင်းဝေအား မနှင်းရတနာဦးဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းရတနာဦး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဆုရာဂျ်၏ နိုင်ငံကူးလက်မှတ် အမှတ်-၇၀၁၈၆၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၇၄-၂၂၀၁၇။

သာသနာဒီပသဲအင်းဂူ ၁၀ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၈

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် အထူးအဓိဋ္ဌာန် ၁၀ရက် တရားစခန်းကို စက်တင်ဘာ၂ရက်မှ၂၁ရက်(တော်သလင်းလဆန်း ၁ရက်မှ ၁၀ရက်)အထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ၊ ဘဒ္ဒန္တဇဋိလ၊ ဘဒ္ဒန္တသိရိန္ဒ ဆရာတော်ကြီးများက ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများသည် စက်တင်ဘာ ၁၁ ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့်အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲလှူဒါန်းလိုသူများ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၉၈၉၁ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

Programming ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ အောက်တိုဘာ ၇ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech ၌ Window Application Development နှင့် Web Application Development ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား တစ်မျိုးစီတွင် ပြိုင်ပွဲဝင်နှစ်ဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသက်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်ငါးသောင်းချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲ လျှောက်လွှာများကို အောက်တိုဘာ၂ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အဆောင် ၄၊ အခန်း၄၊ ဖုန်း-၆၅၂၂၇၆သို့ ပေးပို့ရမည်ဖြစ်သည်။ **(က-ပ)**

မြောက်ဥက္ကလာပဆေးရုံကြီးသို့ အာဟာရထုပ်များပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပ အထွေထွေ ရောဂါကုဆေးရုံကြီး၌ တက်ရောက် ဆေးကုသမှုခံယူနေကြသော ကလေးလူနာများအတွက် Myanmar Distribution Group Co.,Ltd. က ကယ်လ်ဆမ်ကစ် (Calsome Kid) အာဟာရထုပ်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၃၁ရက်က အဆိုပါဆေးရုံကြီး ဆေးရုံအုပ်ကြီး ရုံးခန်း၌ ကျင်းပသည်။

ဂုဏ်ပြုလွှာ

ရှေးဦးစွာ Myanmar Distribution Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းကိုယ်စား တာဝန်ရှိသူတစ်ဦးကလှူဒါန်းရခြင်းအကြောင်းကိုပြောကြားပြီး ငွေကျပ်သုံးသိန်းခွဲတန်ဖိုးရှိ ကယ်လ်ဆမ်ကစ် (Calsome Kid) အာဟာရထုပ် ၁၅၀ကိုပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အောက်ပုံ)

ထို့နောက် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီး ကလေးပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာကြူကြူခင်က ကျေးဇူးတင်စကားပြောကြားသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နှလုံးရောဂါသည်၏ဆွေမျိုးများ ကြိုတင်ကျန်းမာရေးစစ်ဆေးသင့်

လူလတ်ပိုင်း နှလုံးရောဂါဖြစ်သူများ၏ ဆွေမျိုးသားချင်းများကို ကျန်းမာရေးစစ်ဆေးပေးခြင်းဖြင့် အသက်ကယ်တင်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုသည်။

အလားအလာပို

နှလုံးရောဂါဖြစ်သူများ၏ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်နှမများနှင့် သားသမီးများမှာ နှလုံးရောဂါဖြစ်ရန် အလားအလာပိုရှိကြောင်း၊ သို့သော် ၎င်းတို့မှာ ပုံမှန်ကျန်းမာရေး စစ်ဆေးစမ်းသပ်မှုများမလုပ်ကြဟု ဂလပ်စဂိုမှ သုတေသီများက ပြောဆိုသည်။

သို့သော် မိသားစုဝင်များအား သွေးတိုး၊ ကိုလက်စထရောစသော အရေးကြီးသည့် လက္ခဏာများရှိမရှိ စစ်ဆေးပြီး ကုသပေးခြင်းဖြင့် နှလုံးရောဂါမဖြစ်အောင် ၄၂ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ဆို၏။

လိုက်နာမှုနည်းပါး

မျိုးရိုးအရ အမွေဆက်ခံခြင်းကြောင့် ဖြစ်စေသို့မဟုတ် စီးကရက်သောက်မှုနှင့် ဓာတ်စာကဲ့သို့သော နေထိုင်မှု ပုံစံအကြောင်းကြောင်းကြောင့်ဖြစ်စေ ဝေဒနာရှင်၏ ကလေးသူငယ်များနှင့် ဇနီးခင်ပွန်းများမှာ အန္တရာယ်ပိုများသည်။ မိသားစုများအား ကျန်းမာရေးစစ်ဆေးရန်လမ်းညွှန်သော်လည်း လက်တွေ့တွင်မူ လိုက်နာမှုနည်းပါးသည်။



ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၈

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် မြို့ဝင်လမ်းမကြီး တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းအား ဩဂုတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်နှင့် ဝန်ထမ်းများက စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

NLD ပါတီ၏လုပ်ရပ်များလက်ခံနိုင်ခြင်းမရှိ၊ယုံကြည်မှုမရှိ ကျိုင်းတုံမြို့နယ်မှပါတီဝင်၁၆ဦးစုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးစိုင်းဆမ်၊ ဦးစိုင်းတစ်၊ ဦးနန်းဆမ်၊ ဦးစိုင်းယီ၊ ဦးစိုင်းလုံရှန်၊ ဒေါ်နန်းအစ်၊ ဒေါ်နန်းဟောင်၊ ဦးစိုင်းဆိုက်၊ ဦးအိုက်၊ ဦးနန်းအွန်နွဲ့နှင့် ဒေါ်နန်းလာကပ်တို့အပါအဝင် ပါတီဝင် ၁၆ဦးတို့သည် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ယုံကြည်မှုမရှိ

ကျိုင်းတုံမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ယုံကြည်မှုမရှိခြင်းတို့ကြောင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင် ဆင်းရွှေလီစပါး စိုက်ပျိုးရေးနည်းစနစ်ရှင်းလင်း

ဟိုပန် စက်တင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီး၍ ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီက ကွင်းအမှတ်(၇) ကောင်းဟုန်းရွာမ ဦးပိုင်အမှတ် ၁၅ တောင်သူဦးလိုင်းဆိုင်မောင် လုပ်ကိုင်သည့် လယ်မြေတွင် ကျင်းပသည်။

ပြောကြား

ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပပြီးနောက် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီးမှု အခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်က အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)** ဆက်လက်၍ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးသောင်းမြင့်က ဆင်းရွှေလီ အထူးအထွက်တိုးစပါးစိုက်ပျိုးရေးနည်းစနစ်များရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းထံ မိုးစပါးထွန်တုံးပိတ် အစီရင်ခံစာကို ပေးအပ်သည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲဝင် ကောက်စိုက်သမအဖွဲ့ ရှစ်ဖွဲ့မှ ပထမဆုရသည့် မိန်းပန်းရှမ်းရပ်ကွက် ကောက်စိုက်သမအဖွဲ့ကို ကွမ်းလုံမြို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်ကလည်းကောင်း၊ ဒုတိယဆုရသည့် မန်ကောင်းရပ်ကွက် ကောက်စိုက်သမအဖွဲ့ကို ဒုတိယဗိုလ်မှူးကြီး မောင်မောင်မြင့်၏ဇနီး ဒေါ်ဥမ္မာမြင့်ကလည်းကောင်း၊ တတိယဆုရသည့်မန်မိုင်ရပ်ကွက် ကောက်စိုက်သမအဖွဲ့ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက လည်းကောင်း၊ နှစ်သိမ့်ဆုကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးတင်ထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သာယာ ပန်းဥယျာဉ် သာယာလှပရေး ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၁၀ရက်က ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးမျိုးမြင့်အောင်နှင့် ဒုတိယဦးစီးမှူး(သန့်) ဦးသိန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ကြို့ပင်ကောက် သာသနာ့ရိပ်သာကျောင်း မဟာစည် ဝိပဿနာတရားစခန်းပွဲ ကျင်းပမည်

ကြို့ပင်ကောက် စက်တင်ဘာ ၁

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇောတိသာသနာ့ရိပ်သာ ကျောင်းတိုက်မှ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမသည် ကြို့ပင်ကောက်မြို့ ကံကလေးကျေးရွာ သာသနာ့ရိပ်သာ ကျောင်းတိုက်တွင် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၉ ရက် (တော်သလင်းလပြည့်ကျော် ၃ ရက်မှ၁၂ရက်)အထိ(၁၈)ကြိမ်မြောက် မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသောယောဂီများ စက်တင်ဘာ ၂၈ ရက်(တော်သလင်းလပြည့်ကျော်၂ ရက်)ညနေအရောက် ကြွရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားကြောင်းနှင့် ကြိုတင်စာရင်းပေးလိုသောသူများသည် ဦးစိုးသိန်း(ဥက္ကဋ္ဌ) ဖုန်း-၀၅၃-၅၀၂၄၉သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်းသိရသည်။ (က-ပ)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဩဂုတ် ၁၈ရက်က ဝမ်းတွင်း-သဲတော အထက်တန်းကျောင်းအတွင်း အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနောင်နောင်လတ် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းကို ခေတ္တအမှုဆောင်အရာရှိ ဦးသိန်းအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆင်းရွှေလီ အထူးအထွက်တိုးမိုးစပါး ထွန်တုံးပိတ် စုပေါင်းကောက်စိုက်ပြိုင်ပွဲ ကွမ်းလုံ၌ကျင်းပ

ကွမ်းလုံ ဩဂုတ် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် မိုးရာသီဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါးထွန်တုံးပိတ်ပွဲနှင့် စုပေါင်းကောက်စိုက်ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ကုန်းညောင်အုပ်စု ဟဲဟော်ကျေးရွာ ကွင်းအမှတ်၅ ဦးပိုင်အမှတ် ၈ ဦးတုန်ချမ်လင်လယ်မြေ၌ ကျင်းပသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ရွှေက ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ကွမ်းလုံမြို့နယ်လုံးကျွတ် မိုးစပါး ၁၉၇၃၆ ဧကကို အောင်မြင်စွာ စိုက်ပျိုးပြီးစီး၍ ထွန်တုံးပိတ်ပွဲကို ကျင်းပနိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေး မန်နေဂျာဦးသောင်းမြင့်က ဆင်းရွှေလီ အထူးအထွက်တိုးစပါး စိုက်ပျိုးမှုနည်းစနစ်၁၅ချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်မှု အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းသည်။

ယင်းနောက် တက်ရောက်လာသည့် ရပ်ကွက်ကျေးရွာ ကောက်စိုက်သမများက စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ ကောက်စိုက်ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရပ်စောက် ဟွေးကျေးရွာအုပ်စု ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် စည်းဝေး

ရပ်စောက် စက်တင်ဘာ ၂

ရပ်စောက်မြို့နယ် ဟွေးကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်(၂၀၀၇) အစည်းအဝေးကို ဩဂုတ် ၂၆ရက်က ကျင်းပသည်။

အခမ်းအနားသို့ ရပ်စောက်မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်နှင့် နယ်မြေတာဝန်ခံ မြို့နယ်အလုပ်အမှုဆောင် ဦးမောင်မောင်လွင်၊ မြို့နယ်အလုပ်အမှုဆောင် ဒေါ်စုစုဌေး၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာစည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုအစီရင်ခံစာ ဖတ်ကြားခြင်း၊ အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်များ အတည်ပြုဆုံးဖြတ်ခြင်းတို့ကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကြီးမှူး စပါးခင်း ဧကဂဝအတွင်း ငါးမျိုးများစိုက်ထည့်

ချောင်းဆုံ စက်တင်ဘာ ၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးဖွံ့ဖြိုးရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက်၁၁နာရီက နတ်မော်ကျေးရွာ စိုက်ပျိုးရေးစခန်းအနီး စံပြစိုက်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသန်းလင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တောင်သူများက ရေချိုငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ လေးသောင်းကို တောင်သူဒေါ်ရှမ်းမ လယ်အပါအဝင် စပါးခင်း ဧက ၈၀အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရောဝတီမြစ်ရေ တက်ခဲ့သည့် မြစ်ကမ်းနားတစ်လျှောက် တောင်ဘီရွာသို့ ဩဂုတ် ၁၁ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးမှူး ဦးရဲမင်းဝင်းနှင့် ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးလှိုင်ဝင်းဆွေတို့ ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်မှုကို ဦးစီးအရာရှိ ဦးရဲနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်စန်းစန်းထူးနှင့် ကျန်းမာရေးမှူး ဦးလင်းလင်းတို့ ဇူလိုင် ၁၈ရက်က မြင်းလှည်းယာဉ်များ သက်တမ်းတိုးပေးရေးအတွက် မြင်းလှည်းယာဉ်များ ကြံ့ခိုင်မှုနှင့် မြင်းများ၏ ကျန်းမာရေး စစ်ဆေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



ဩဂုတ် ၆ ရက်က သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ဆောင်ရွက်မည့် သရက်ချောင်းမြို့ မြို့မရပ်ကွက် ရေတံခွန်လမ်းပေါ်ရှိ ကျွဲစားမြောင်တံတား ပြုပြင်ခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးကြည်စိုးကွင်းဆင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(နယ်စပ်/စည်ပင်)

ဝက်လက်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ဝက်လက် ဩဂုတ် ၃၀

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၇ကို ဝက်လက်မြို့ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်ထောင်စုခန်းမ၌ ဩဂုတ် ၁၇ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ထူးချွန်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသော ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များက ထူးချွန်သူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ မြို့နယ်ဥက္ကဋ္ဌများက အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မြဝင်းအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ထူးချွန်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ထို့နောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၇ အစီရင်ခံစာကို မြို့နယ်အမှုဆောင်များက ဖတ်ကြားတင်သွင်းပြီး သဘာပတိအဖွဲ့က မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ခြင်းကို ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး ဆုံးဖြတ်အတည်ပြုသည်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၂) U.9ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးပေါ်ရှိ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်ကြီး တည်ဆောက်ရန်အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ပြုံးမောင်မောင် သဲဒိုင်ပိုင်ရှင် ဦးအောင်ဆွေ-ဒေါ်စန်းငွေး မိသားစုတို့က အလှူငွေကျပ်နှစ်သိန်းကို ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ဩဂုတ် ၄ရက်က မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ အဏ္ဏဝါမိသားစုများက နယ်စပ်နှင့် တောင်တန်းဒေသ ဗုဒ္ဓသာသနာပြု လုပ်ငန်းများအတွက် ဒုတိယအကြိမ်စတုပစ္စယငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် တရုတ်ကျောင်းလမ်း အမှတ်(၁၇) ငါးလွှာနေ ဦးကျော်စိုးမင်း (E/O) - ဒေါ်မိုးမြတ်မြတ်မိုး၊ သား မင်းကောင်းမြတ်၊ သမီး လင်းလွန်းအိမ် မိသားစုတို့က အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စိမ့်စမ်းရေသွယ်ယူမှုအောင်ပွဲ ကျင်းပ

နေပြည်တော်ပျဉ်းမနား ဩဂုတ် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ ပံ့ပိုးပေးသည့် နေပြည်တော် ပျဉ်းမနား မဲပေါက်ကျေးရွာကျေးလက်ရှုခင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားနှင့် နေပြည်တော် ပျဉ်းမနား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် စိမ့်စမ်းရေ သွယ်ယူမှုအောင်ပွဲ အခမ်းအနားကို ဩဂုတ်၁၉ ရက်နံနက်ပိုင်းနာရီက အဆိုပါ ကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ စိမ့်စမ်းရေသွယ်ယူမှုအောင်ပွဲကိုကျင်းပရာခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများက စိမ့်စမ်းရေအား ရေကန်မှတစ်ဆင့် ခလုတ်ဖွင့်၍ ကျေးရွာ ပြည်သူများထံ အရောက်ပေးပို့ခဲ့ပြီး ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကျေးလက်ရှုခင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ခင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြအောင်၊ ကျေးရွာစည်းရုံးရေးမှူး ဦးသန်းထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုးရာသီကောက်စိုက်ပွဲ တန့်ယန်း၌ ကျင်းပ ဒေသဝမ်းစာဖူလုံရေး ဆင်းရွှေလီစပါးစိုက်ပျိုး

တန့်ယန်း ဩဂုတ် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်ဖာကျေးရွာရှိ ၁၀ဧက စိုက်ခင်းတွင် ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက ဆင်းရွှေလီအထူးအထွက်တိုး မိုးစပါး ကောက်စိုက်ပွဲတော်ကို ကျင်းပသည်။

ပျိုးပင်

ပွဲတော်တွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခိုင်ဇော်က အမှာစကားပြောကြားပြီး ပျိုးပင်များ ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရက မြို့နယ်အတွင်း ဒေသဝမ်းစာဖူလုံ ပိုလျှံစေရေးအတွက် အထူးအထွက်တိုး ဆင်းရွှေလီ စပါးများ စိုက်ပျိုးဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

အားပေး

ဆက်လက်၍ ကောက်စိုက်ပွဲတော်ကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခိုင်ဇော်နှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ပြုပြင်ဆောင်ရွက်ခြင်းတို့ကို ဩဂုတ်၁၃ရက်က ဘုရားကြီးလမ်းတွင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် ဦးစီးအရာရှိ ဦးရဲလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၆၄)

သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စဉ်ဆက်မပြတ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

သီပေါ စက်တင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် (၁၁)ကြိမ်မြောက် စဉ်ဆက်မပြတ် ပညာသင်ထောက်ပံ့ ကြေးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၂၉ရက် နံနက် ၉နာရီက မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကျင်မြတို့က အမှာစကား ပြောကြားပြီး အသင်းအမှုဆောင် ဒေါ်ကြင်မီက ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့် ရရှိသည့် အမည်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၂ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြ**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသော အထက (တာချီလိတ်) စတုတ္ထတန်း(ဂ)မှ မနှင်းလဲ့ရည်အောင်အား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (၄၂၀)

ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ပိုးသတ်ဆေးဖျန်း

တောင်ငူ ဩဂုတ် ၂၆

တောင်ငူမြို့ မြို့မဈေးကြီးအတွင်း ခြင်၊ ယင်၊ ကြွက်၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေရေးအတွက် ဩဂုတ် ၁၃ ရက်က ပိုးသတ်ဆေးဖျန်းကိရိယာဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂) ဦးမြတ်သူ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ကွန်ဟိန်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေ ဖြင့် ဆောင်ရွက်ရန် လျာထားသည့် ကွန်ဟိန်း မြို့ အမှတ် (၃)ရပ်ကွက် လှိုင်ကုန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးသာလှနော်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြင်းမူမြို့ လှပရေး မုခ်ဦးဆိုင်းဘုတ်ပြုပြင်

မြင်းမူ ဩဂုတ် ၂၇

မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သော မြို့ပြသာယာလှပရေးအတွက် မြို့ဝင်၊မြို့ထွက်ရှိ မြို့ဦးဆိုင်းဘုတ်များကို မြို့အင်္ဂါရပ်နှင့်အညီ အသစ်ပြုလုပ်လျက်ရှိရာ ဩဂုတ် ၁၆ရက်က လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဟားခါး၌ ခုခံအားကျရောဂါ ကာကွယ်ရေးနှင့် အသိပညာပေး

ဟားခါး စက်တင်ဘာ ၇

ချင်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ညှိနှိုင်း ဆောင်ရွက်သော ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့်ကွန်ဒုံး အသုံးပြုရေး စီမံချက်အသိပေးညှိနှိုင်း ဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာခင်မောင်စိုးက ပြည်နယ်အတွင်း ခုခံအားကျရောဂါကာကွယ်ရေးနှင့် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အမျိုးသားတာဝန်တစ်ရပ်ဖြစ်၍ ပူးပေါင်းကာကွယ် ဆောင်ရွက်ရေး အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

အောင်မြင်အောင်ဆောင်ရွက်

ထို့နောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၏ ဆောင်ရွက်ပြီးစီးခဲ့သည့် ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့်ကွန်ဒုံး အသုံးပြုရေး စီမံချက်လုပ်ငန်းများကို ပြန်လည်သုံးသပ်တင်ပြခြင်းနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် ရွှံ့နွံများ ရှင်းလင်းခြင်း၊ ပလက်ဖောင်းများ သန့်ရှင်းခြင်းလုပ်ငန်းများနှင့် လမ်းလယ်ကျွန်း ပန်းခုံများတွင် ပန်းအလှပင်များ အစားထိုး စိုက်ပျိုးခြင်းလုပ်ငန်းများကို ဦးစီးအရာရှိ ဦးတင်ဝင်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦးတို့ ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများအား ဩဂုတ် ၉ ရက်က အမှုဆောင် အရာရှိ ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။(**မြို့နယ်စည်ပင်**)

ရန်ကုန်တိုင်း လသာမြို့နယ် စဉ့်အိုးတန်းလမ်း အမှတ် ၁၇နေ ဦးတင်စိန်-ဒေါ်ညွန့်တင် မိသားစုက ဦးတင်စိန်၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်း တော် ကြီး အတွက်အလှူငွေကျပ် တစ်သိန်းကို ပိဋက တစ်ပုံအောင်ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရာလင်္ကာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသမီးသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အိမ်တွင်းမှုသင်တန်းဆင်းပွဲ ယင်းမာပင်၌ကျင်းပ

ယင်းမာပင် ဩဂုတ် ၂၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ အမျိုးသမီးသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁)၊ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၅)၊ အိမ်တွင်းမှုလက်မှု(ကြိမ်/ဝါး) သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်၁၀ရက်က အဆိုပါသင်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ဆုချီးမြှင့်ပွဲ ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးက အဆင့်မြင့်သင်တန်းတွင် ထူးချွန်ဆုရ မဆွေဇင်စိုး၊ အခြေခံအိမ်တွင်းမှုသင်တန်းတွင် ထူးချွန်ဆုရ မမာမာဦးနှင့် အိမ်တွင်းမှု လက်မှု(ကြိမ်/ဝါး)သင်တန်းတွင် ထူးချွန်ဆုရ မအေးအေးဖြိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးက သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ရာ သင်တန်းသူတစ်ဦးက လက်ခံယူသည်။

(**မြို့နယ် ပြန်/ဆက်**)

ဩဂုတ် ၉ရက်က ဘားအံမြို့ပေါ်ရှိ အထက၊ အလက၊ အမက ကျောင်း ၂၂ ကျောင်းမှ ကျောင်းသားကျောင်းသူများ ခြင်အန္တရာယ်ကြောင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာမြို့၌ ကျန်းမာရေး အသိပညာပေး

မိတ္ထီလာ ဩဂုတ် ၃၁

မိတ္ထီလာ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးသန်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် ဩဂုတ် ၂၁ ရက်က မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာသို့ ကွင်းဆင်း၍ အခမဲ့ ဆေးကုသမှုပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

ဆေးကုသ

အဆိုပါ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းတွင် ဆေးရုံအုပ်ကြီးနှင့်အတူ စိတ်ကျန်းမာရေး အထူးကုဆရာဝန် ဒေါက်တာမြင့်ဆွေ၊ အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ မျိုးသန့်၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာကြီးလှိုင်၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဝင်းမာဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန် ဒေါက်တာမြတ်ဆွေ၊ ကလေးအထူးကု ဆရာဝန် ဒေါက်တာသင်းသင်းမော်၊ ဆေးပညာအထူးကုဆရာဝန် ဒေါက်တာ မြင့်သိန်းအောင်၊ ခရိုင်တိုင်းရင်းဆေးခန်းမှူး ဒေါ်စန်းဆင့်ဆင့် စသည့် အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် လူနာ ၄၁၃ ဦးအား ကျန်းမာရေး အသိပညာပေးခြင်း၊ အခမဲ့ဆေးကုသမှုပေးခြင်း၊ လူနာ ၂၆ဦးအား မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်၍ ဆေးကုသမှုခံယူရန် ညွှန်ပို့ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(**ခရိုင် ပြန်/ဆက်**)

စက်ရေတွင်း

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူ ဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေး စက်ရေတွင်းများ ပုံမှန်လည်ပတ်မှု ရှိမရှိကို လက်ထောက် အင်ဂျင်နီယာ ဦးဇော်လင်း ခေါင်းဆောင်သော အဖွဲ့က သလဲဘာကျေးရွာရှိ နှစ်လက်မ စက်ရေတွင်းကို စစ်ဆေးစဉ်။

(တိုင်းစည်ပင်)

သံဖြူဇရပ်မြို့၌ ကျောက်များစုဆောင်း

သံဖြူဇရပ် ဩဂုတ် ၂၀

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကရပ်ပိကျေးရွာ အဝင်လမ်းပြုပြင်ရန် ကျောက်များစုဆောင်းထားရှိမှုကို ဇူလိုင် ၂၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့်ဦးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(**မြို့နယ်စည်ပင်**)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဩဂုတ် ၁၇ရက်က ဆောင်ရွက်သော ပန်ကုလားကျေးရွာ ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ရေနုတ်မြောင်းတူးဖော်၊ ခြင်ဆေးဖျန်း

ညောင်လေးပင် စက်တင်ဘာ ၄

ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့်အဖွဲ့ဝင်များ ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးပိုင်နှင့် အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စိုးစိုးမြင့်နှင့် အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများတွင် ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၃၀ရက်က ညောင်လေးပင်၊ပြွန်တန်ဆာနှင့် မဒေါက် မြို့မဈေးများ အတွင်းနှင့် စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်း ကိရိယာဖြင့် ခြင်ဆေးဖျန်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် အပတ်စဉ်စနေနေ့တိုင်းရေနုတ်မြောင်းများ တူးဖော်ရှင်း လင်းခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။

(၁၃၄)

အရည်အသွေးကောင်း ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ပင်များ ထွက်ရှိရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်များ စတင်ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်း လျှော်များရရှိစေရန်၊ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ် အရွက်ဖုံးထပ်၍ ၃၊ ၄ ရက် အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံး ၄ပေ ရှိပြီး ဖြည်းညင်းစွာ စီးဆင်းနေသော ရေတွင်တစ်လွှာချင်းဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင်ပေါ်မနေစေရန်ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သော တုံးများမသုံးစွဲဘဲ သစ်သားတုံး၊ ဝါးစသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တပတ်တစ်ပတ်ကြာမှစ၍ နေ့စဉ်လျှော်ဖောင်အား နူး၊ မနူးစမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင် အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ ချဉ်ပေါင်အစိမ်း ခွာခြောက် ထုတ်လုပ်မည်ဆိုပါက ခုတ်သိမ်းပြီးလျှင်ပြီးချင်း ဆောလျင်စွာခွာယူပါ။ မခွာယူနိုင်သေးပါက အစည်းလိုက် ထောင်ထားပါ။

၈။ နည်းပညာနှင့်အကူအညီ ရယူလိုပါက နီးစပ်ရာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၉၉၆ခုနှစ်က ဧရမျိုးဆက်ကျောင်းသားဆိုသူအဖွဲ့နှင့် ဆက်နွယ်လျက်ရှိသည့်အကြမ်းဖက်သောင်းကျန်းသူများ မဟာပါသာဏလိုဏ်ဂူတော်၌ ဗုဒ္ဓစွယ်တော်မြတ်အပူဇော်ခံစဉ် ဗုံးခွဲခဲ့၊ ပြည်သူများသေကျေခဲ့ရ

ABSDF မှ အကြမ်းဖက်သမားများ ကုန်သွယ်မှုဇဟိုဌာန၊ ဒဂုံစင်တာ၊ Junction 8 တို့တွင် ဗုံးခွဲခဲ့ ရက်စက်ယုတ်မာစွာ ဖောက်ခွဲတိုက်ခိုက်မှုလုပ်ရပ်ကြောင့် ရဟန်းရှင်လူ ၂၃ဦးသေဆုံးပြီး ၁၆၂ဦးဒဏ်ရာရခဲ့

ABSDF အကြမ်းဖက်အဖွဲ့သည် အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းနှင့် ရန်ကုန်မြို့တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရန် ၎င်းတို့၏အဖွဲ့ဝင်များအား မဲဆောက်မှတစ်ဆင့် ပြည်တွင်းသို့စေလွှတ်ခဲ့ တာဝန်ရှိသူများကဖောက်ခွဲမည့်သတင်းအသေးစိတ်ကြိုတင်ရရှိ၍လုံခြုံရေးကိုစီမံကာကွယ်နိုင်ခဲ့

နိုင်ငံတော်အစိုးရသည် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများကို တရားဥပဒေနှင့်အညီအရေးယူသွားမည်

နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ကြေညာချက်အမှတ် (၁/၂၀၀၇)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ ကြေညာချက်အမှတ် (၁/၂၀၀၇)

နေပြည်တော် စက်တင်ဘာလ (၈)ရက်

နိုင်ငံတော်တွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးထိခိုက်ပျက်ပြားပြီး လူထုအုံကြွမှုများဖြစ်ပွားကာ ၎င်းတို့အာဏာရရှိစေရန်လည်းကောင်း၊ အမျိုးသားညီလာခံ ပျက်ပြားပြီး ၎င်းတို့လိုလားသည့် တွေ့ဆုံဆွေးနွေးရေး ရရှိလာစေရန်လည်းကောင်း ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတော်အတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် ကြံစည်ကြိုးပမ်း လုပ်ဆောင်ခဲ့ကြသည့် ၈၈ မျိုးဆက်ကျောင်းသားဆိုသူ မင်းကိုနိုင်၊ ကိုကိုကြီး၊ ပြုံးချို(ခ)ဌေးဝင်းအောင်၊ မင်းဇေယျ၊ မြအေး(ခ)သူရ၊ ကျော်မင်းယု(ခ)ဂျင်မီ၊ ဇေယျ(ခ)ကုလားမ၊ ကျော်ကျော်ထွေး(ခ)မာကီး၊ အံ့ဘွယ်ကျော်၊ ပဏ္ဍိတ်ထွန်း၊ ဇော်ဇော်မင်း၊ သက်ဇော်နှင့် ဉာဏ်လင်းတို့ ၁၃ဦးအား ၂၁–၈–၂၀၀၇ရက်တွင် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း ဩဂုတ်လ ၂၅ရက်ထုတ် သတင်းစာများတွင် သတင်းထုတ်ပြန်၍ ပြည်သူများအား အသိပေးခဲ့ပြီးဖြစ်သည်။

လွတ်မြောက်နေလျက်ရှိ

အဆိုပါအုပ်စုနှင့်အတူ အကြမ်းဖက်မှုများတွင်လည်းကောင်း၊ အမျိုးသားညီလာခံပျက်ပြားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်များတွင်လည်းကောင်း ဦးဆောင်ပါဝင်ခဲ့ကြသည့် မစန္ဒာမင်း(ခ)ရွှီး ကို ဩဂုတ်လ ၂၅ရက်နှင့် ကြီးသန်း(ခ)သန်းတင် ကို ဩဂုတ်လ၂၇ရက်နေ့တွင် ထပ်မံခေါ်ယူစစ်ဆေးလျက်ရှိပြီး ငွေကြွယ်မှာမူ နိုင်ငံကြီးတစ်နိုင်ငံ၏သံရုံးမှ အကာအကွယ်ပေး၍ လုံခြုံသည့်နေရာတွင် ဝှက်ထားသဖြင့် ဖမ်းဆီးရမိခြင်းမရှိသေးဘဲ လွတ်မြောက်နေလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြည်ပအသံလွှင့်ဌာနများက သတင်းများကိုချဲ့ကား၍ မမှန်မကန်လုပ်ကြံထုတ်လွှင့်ခဲ့

မကွေးတိုင်း ပခုက္ကူမြို့ရှိ ကျောင်းတိုက်အချို့မှ သံဃာအချို့၏ စက်တင်ဘာ ၅ရက်နှင့် ၆ရက်တို့တွင် ဆန္ဒပြအကြမ်းဖက်မှု ဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်တွင်းရှိ အဖျက်အမှောင့်သမားများနှင့် ပြည်ပသတင်းဌာနများ ပူးပေါင်းလျက် ဆူပူအုံကြွ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန်နှင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လီဆယ်လုပ်ကြံ ဖန်တီးထားသော တွေ့ဆုံမေးမြန်းခန်းများပြုလုပ်၍ သွေးထိုးလှုံ့ဆော် ထုတ်လွှင့်လျက်ရှိသည်။ စက်တင်ဘာ ၅ရက် ဆန္ဒပြမှုတွင် အာဏာပိုင်များက သံဃာတော်များ၏ ဦးခေါင်းကို ကျော်၍ သေနတ်ဖြင့် ၁၀ချက်ခန့် ပစ်ခတ်ခဲ့ကြောင်း၊ သံဃာတော်များအား ရိုက်နှက်ဖမ်းဆီးခဲ့ကြောင်း၊ သံဃာတော်သုံးပါးအား ဓာတ်တိုင်တွင် ကြိုးဖြင့်တုပ်ပြီး ရိုက်နှက်ခဲ့ကြောင်း၊ ထိုရိုက်နှက်ခံရသည့်ဒဏ်ရာဖြင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူကြောင်းနှင့် သံဃာတော် ၁၃ပါး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း စသည်ဖြင့် ပြည်ပ အသံလွှင့်ဌာနများက သတင်းများကို ချဲ့ကား၍ မမှန်မကန်လုပ်ကြံထုတ်လွှင့်ခဲ့သည်။ ဖြစ်ရပ်မှန်မှာ စက်တင်ဘာ ၅ရက် ဖြစ်စဉ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများက သံဃာတော်များအား ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း လုံးဝမရှိသည့်အတွက် သံဃာတစ်ပါးမျှ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျံလွန်တော်မူခြင်းမရှိကြောင်း၊ ဆန္ဒပြသံဃာများအား ဖျောင်းဖျတားမြစ်ခဲ့သည့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်မှာ တွန်းလှဲကျော်နင်းခံရသဖြင့် ဆရာတော်၏ အသက်ဘေးကာကွယ်ရန်အတွက်သာ သက်ဆိုင်ရာတာဝန်ရှိသူတို့က လက်နက်ငယ်သုံးချက် မိုးပေါ်ထောင် ပစ်ဖောက်ခြောက်လှန့်၍ လူစုခွဲခဲ့ခြင်းသာ ဖြစ်ကြောင်း သိရသည်။